# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက် | ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၃ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်(၃၀၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်

နေပြည်တော် ဩဂုတ် ၂

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြု ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ


*စာမျက်နှာ ၃ ကော်လံ ၁ ❖*


# ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများ ရေယာဉ်ဖြင့် ပို့ဆောင်ပေး

## ဆန် ၂၄ ပြည်အိတ် ၇၈၉၇ အိတ်နှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများပါဝင်



နေပြည်တော် ဩဂုတ် ၂

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများကို ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ပေးပို့သည့် ဆန် ၂၄ ပြည်အိတ် ၇၈၉၇ အိတ်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က မှာယူသည့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ အပါအဝင် စုစုပေါင်း ၄၀၄ ဒသမ ၇၅ တန်ကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ စစ်တွေ မြို့သို့ ရေယာဉ်ဖြင့် ပို့ဆောင်ခဲ့ကြောင်း သိရသည်။


*စာမျက်နှာ ၄ ကော်လံ ၁ ❏*




# ထားဝယ်မြို့၌ အခြေခံပညာကျောင်းများသို့ ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် သုတ / ရသ စာအုပ်စာစောင်များငှားရမ်းပေး

ထားဝယ် ဩဂုတ် ၂

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက ဒေသခံပြည်သူများအား စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန်၊ ခရိုင်ပြည်သူ့စာကြည့်တိုက်သို့ လာရောက် မငှားရမ်းနိုင်သည့် ရပ်ကွက်များသို့ ရွေ့လျားစာကြည့်တိုက် Mobile Library Bus ဖြင့် သုတ/ရသစာအုပ်စာစောင်များတင်ဆောင်၍ လှည့်လည်


*စာမျက်နှာ ၄ ကော်လံ ၅ ◆*


**ယနေ့ ဖတ်စရာ**

**ငွေကြေးအရင်းအနှီး လိုအပ်နေသော ဆီစက်ပိုင်ရှင်များသို့ အသိပေးကြေညာချက်**


ပြည်တွင်းသတင်း | စာ ၃


**ဩဂုတ် ၈ ရက်မတိုင်မီအထိ အဲအိန္ဒိယမှ လေယာဉ်များ အစ္စရေးသို့ပြေးဆွဲမှု ရပ်နားထားမည်**




နိုင်ငံတကာသတင်း | စာ ၁၃


**ကောင်းကျိုးအဖြာဖြာ ချည်မျှင်ရှည်ဝါ**




ဆောင်းပါး | စာ ၁၆

❖ ရှေ့ဖုံးမှ

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသီတာဦး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ တိုင်းမှူး ဗိုလ်ချုပ် စိုးမင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းကိုးဆယ်နှင့် ငွေကျပ် သုံးဆယ့်ငါးသိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ် သိန်းသုံးဆယ်နှင့် ငွေကျပ် သိန်းတစ်ရာခုနစ်သောင်း ငါးထောင်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်တစ်ရာ နှစ်ဆယ့်တစ်သိန်းနှစ်သောင်း ငါးထောင်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ သမဝါယမ နှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းတစ်ရာကိုလည်းကောင်း ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်ကြသည်။

ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင် စကားပြောကြားသည်။

အလားတူ အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ပေးပို့လှူဒါန်းသည့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်ချုပ် သန်းထိုက်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ပေးပို့လှူဒါန်းသည့် ငွေကျပ် ငါးရာတစ်ဆယ့်လေးသိန်းတစ်သောင်းခြောက်ရာ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



အဆိုပါ စားသောက်ဖွယ်ရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ငွေကြေးအရင်းအနှီး လိုအပ်နေသော ဆီစက်ပိုင်ရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုအဖွဲ့သည် ပြည်တွင်းရှိ ဆီစက်များသို့ အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီဆီစက်အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လုပ်ငန်းသုံး ရင်းနှီးလည်ပတ်ငွေလိုအပ်ချက်များအတွက် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ မတည်ထူထောင်ထားသည့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေရန်ပုံငွေမှ အတိုးနှုန်းသက်သာသော ချေးငွေများကို ထုတ်ချေးပေးလျက်ရှိပါသည်။

၂။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေကို အောက်ပါအချက်များနှင့်ညီညွတ်ပါက လျှောက်ထားနိုင်ပါသည် -

(က) လက်ရှိလုပ်ငန်းလည်ပတ်လုပ်ကိုင်နေသော ဆီစက်ဖြစ်ရမည်၊

(ခ) လုပ်ငန်းအမည်ပေါက် လိုင်စင် (သက်တမ်းရှိ) ရှိရမည်၊

(ဂ) ချေးငွေအတွက် အာမခံအဖြစ် အမည်ပေါက်ပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများ၊ လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)များကို ပေးအပ်နိုင်ရမည်၊

(ဃ) နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များတွင် လက်ရှိချေးငွေရယူထားသူများအနေဖြင့် ဆီစက်ဖွံ့ဖြိုးရေး ချေးငွေရယူလိုပါက **သီးခြားအာမခံ** တင်သွင်းနိုင်မှသာ လျှောက်ထားနိုင်ပါသည်၊

(င) FDA လက်မှတ်ရရှိပြီးသူ၊ အသေးစားစက်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ်ရရှိပြီးသူနှင့် သက်ဆိုင်ရာဒေသရှိ ဆီစက်ပိုင်ရှင်များအသင်း၊ ဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များအသင်းဝင်လုပ်ငန်းရှင်များအား ဦးစားပေးစဉ်းစားမည်။

၃။ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေအတွက် ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **ချေးငွေပမာဏ**

| | | |
|---|---|---|
| (၁) | **လုပ်ငန်းသုံးလှည့်ပတ် ရင်းနှီးငွေ (Working Capital)အတွက်ချေးငွေ** | – အနည်းဆုံး ကျပ်သိန်း ၁၀၀ မှ အများဆုံး ကျပ်သိန်း ၃၀၀၀ အထိ |
| (၂) | **မတည်ရင်းနှီးငွေ (Fixed Capital) အတွက် ချေးငွေ** | – အနည်းဆုံး ကျပ် သိန်း ၂၀၀ မှ အများဆုံး ကျပ် သိန်း ၃၀၀၀ အထိ |

(၃) ကျပ်သိန်း ၃၀၀၀ အထက် ချေးငွေရယူလိုသော ဆီစက်လုပ်ငန်းရှင်များအနေဖြင့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၊ အတွင်းရေးမှူးရုံး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)သို့ တိုက်ရိုက်ပေးပို့ လျှောက်ထားရန်ဖြစ်ပါသည်။

(ခ) **ချေးငွေသက်တမ်းနှင့် ပြန်ဆပ်ကာလ**

| | | |
|---|---|---|
| (၁) | လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေ | – **ချေးငွေသက်တမ်း(၁)နှစ်** |
| (၂) | မတည်ရင်းနှီးငွေ | – **ချေးငွေသက်တမ်း (၃) နှစ် ၃ ရစ်ဆပ်** |

(ဂ) **ချေးငွေအတိုးနှုန်း** – **၁ နှစ်လျှင် (၅%)**

၄။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ လျှောက်ထားရယူလိုသော ဆီစက်လုပ်ငန်းရှင်များသည် အောက်ပါ ရုံး၊ ဌာန၊ ဘဏ်ခွဲများတွင် ချေးငွေအဆိုပြုလွှာများ ရယူ၍လျှောက်ထားနိုင်ပါသည် -

(က) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ဆီစက်ပိုင်ရှင်များ အသင်းရုံးများအားလုံး၊

(ခ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းရုံးများအားလုံး၊

(ဂ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးခွဲများအားလုံး၊

(ဃ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ **တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်နှင့် မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲများအားလုံး၊**

(င) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ **တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်နှင့် မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများအားလုံး၊**

၅။ ဆီစက်ချေးငွေ အဆိုပြုလွှာပုံစံများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန website www. mopf.gov.mm ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန website https://msmewebportal. gov.mm/ ၊ မြန်မာဆီစက်ပိုင်ရှင်များအသင်း website http://www.meoma.org ၊ မြန်မာနိုင်ငံဆီ ကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များအသင်း website http://meoda.myanmarwebtraining.com ၊ MEB website www.meb.gov.mm ၊ MADB website www.madb.gov.mm တို့တွင် download ရယူနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

**ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ**
**စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့**

# ပြင်ဦးလွင်မြို့နယ်၌ အင်ဂျင်ပါဝါသုံး လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြ

ပြင်ဦးလွင် ဩဂုတ် ၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၂၄ – ၂၀၂၅ ခုနှစ် အင်ဂျင်ပါဝါသုံး လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့ နံနက် ၉ နာရီက ပြင်ဦးလွင်မြို့နယ်



ဝက်ဝံကျေးရွာအုပ်စု ကွင်းအမှတ် (၇၀၁) ရှိ ဒေသခံတောင်သူ ဒေါ်နုနု၏ လယ်မြေ ၂ ဒသမ ၀၀ ဧက အတွင်း၌ ကျင်းပပြုလုပ်သည်။

အဆိုပါအင်ဂျင်ပါဝါသုံး ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက် အသုံးပြု၍ စိုက်ပျိုးရာတွင် စိုက်ခင်းလယ်မျက်နှာပြင် ညီညာရန် လိုအပ်ခြင်း၊ ပျိုးခင်းအတွက် နေရာအနည်းငယ်သာ လိုအပ်ခြင်း၊ မျိုးစေ့နှုန်းထားအနည်းငယ်ဖြင့် စပါးအထွက်နှုန်း ကောင်းမွန်စေခြင်း၊ ကောက်ကွက်နှင့် ကောက်ပင်အတိမ်အနက် လိုအပ်သလိုချိန်ညှိ စိုက်ပျိုးနိုင်ခြင်း၊ ပျိုးသက်နုနုဖြင့် စိုက်ပျိုးနိုင်ခြင်း၊ ကောက်ပင်လှန်မြန်ခြင်းနှင့် ပင်ပွားများများ ရရှိခြင်း၊ တစ်ဧ ကောက်ကွက်ပြည့်မီခြင်း၊ အချိန်တိုအတွင်း ဧကများစွာ စိုက်ပျိုးနိုင်ခြင်း၊ ရာသီဥတုပြောင်းလဲလာသည်တို့တွင် အချိန်အခါမီစိုက်ပျိုးနိုင်ခြင်းနှင့် အင်ဂျင်ပါဝါသုံး ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်၏ စက်မှုပိုင်းဆိုင်ရာအချက်အလက်များကို တာဝန်ရှိသူတစ်ဦးမှ အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ ၂၀၂၄–၂၀၂၅ ခုနှစ် အင်ဂျင်ပါဝါသုံး ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးတင်အောင်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ပုသိမ်ကြီးမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်၊ စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ပြင်ဦးလွင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံ တောင်သူ ၁၀၀ တို့က စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှု လေ့လာခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအနေဖြင့် ပြင်ပမှ စာအုပ်၊ စာစောင်များကို ပုံနှိပ်ထုတ်ဝေပေးလျက်ရှိ ဌာနအနေဖြင့် အချိန်မီထုတ်လုပ်နိုင်ရေးနှင့် အရည်အသွေးကောင်းမွန်ရေးတို့ကို ဆက်လက်ဂရုပြုသွားရန်လိုအပ်

**ရန်ကုန် ဩဂုတ် ၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ၌ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဖိုတိုလစ်သိုစက်ရုံဝင်းအတွင်း၌ ပုံနှိပ်ခြင်းလုပ်ငန်းနှင့် စာအုပ်ချုပ်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး စာသင်ခန်း၊ အားကစားခန်းမနှင့် သိုလှောင်ခန်းအဖြစ် အသုံးပြုနိုင်ရန် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဖိုတိုလစ်သိုစက်ရုံ စက်ရုံမှူးက လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်က စာအုပ်၊ စာပေကို အလေးထားတန်ဖိုးထားကြောင်း၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အနေဖြင့် ပြင်ပမှ စာအုပ်၊ စာစောင်များကို ပုံနှိပ်ထုတ်ဝေပေးလျက်ရှိပြီး ဌာနအနေဖြင့် အချိန်မီထုတ်လုပ်နိုင်ရေးနှင့် အရည်အသွေးကောင်းမွန်ရေးတို့ကို ဆက်လက်ဂရုပြုသွားရန် လိုအပ်ကြောင်း၊ ပုံနှိပ်စက်ရုံအတွင်း စက်ပစ္စည်းများ ကြံ့ခိုင်ရေးနှင့်ပစ္စည်းများ အလေအလွင့် မရှိစေရေး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ကို ကျေပွန်စွာထမ်းဆောင်ကာ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် ဝိုင်းဝန်းလက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။



၁၉၅၁ ခုနှစ်တွင် အဆိုပါစက်ရုံမြေနေရာကို ငွေကျပ် ၁၀၂၀၁၈၀ ဖြင့် ဗဟိုပုံနှိပ်တိုက်က ဝယ်ယူခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် ဝန်ထမ်း ၉၀ ကျော်ဖြင့် ဗဟိုပုံနှိပ်တိုက်ခွဲ (ဖိုတိုလစ်သိုပုံနှိပ်တိုက်ခွဲ) အဖြစ် စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ် မတ်လတွင် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်းအဖြစ် ဖွဲ့စည်းစဉ် ဖိုတိုလစ်သို ပုံနှိပ်စက်ရုံ ဟူ၍ ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် ဂျပန်နိုင်ငံ JICA အထောက်အပံ့ဖြင့် ကျောင်းသုံးဖတ်စာအုပ်နှင့် ဗလာစာအုပ်ပုံနှိပ်လုပ်ငန်းစီမံချက်ကို ယန်းငွေသန်းပေါင်း ဖ၉၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ကရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ကရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး မစ္စတာ အလက်စ်ဇန်းဒါး ဆာဂီးဗစ်ရှ် ရုတီရော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ မွန်းလွဲပိုင်းက အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှား - မြန်မာ ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်း မြေဆီလွှာ အရည်အသွေး ကောင်းမွန်စေပြီး စိုက်ပျိုးရေးဆိုင်ရာ အကျိုးအမြတ်ရရှိစေရန်အတွက် ရုရှားနည်းပညာသုံး ရွက်ဖျန်း အားဆေးရည်ထုတ်စက်ရုံတည်ဆောက်နိုင်ရေး၊ နှစ်နိုင်ငံစီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာ (Memorandum of Cooperation – MOC) လက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များ၊ စက်ရုံတည်ဆောက်ရန် မြေနေရာရရှိရေးကိစ္စရပ်များ၊ ရုရှားနိုင်ငံမှ သဘာဝ ရွက်ဖျန်းမြေဩဇာဆေးရည် တင်သွင်းမည့်ကိစ္စ၊ မြေပြင်တွင် လက်တွေ့စမ်းသပ်စိုက်ပျိုးသွားမည့်ကိစ္စ၊ တောင်သူအသိပညာပေးရေးကိစ္စရပ်များနှင့် အခြားလိုအပ်သည်များ ရှိပါကလည်း ပံ့ပိုးကူညီမည့်ကိစ္စရပ်များကို အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





❑ *ရွှေဖုံးမှ*

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ၂၀၂၃ခုနှစ် မေ ၁၆ ရက်မှစ၍ ယနေ့အထိ တပ်မတော်စစ်ရေယာဉ်များအပါအဝင် ရေယာဉ် ၄၈ စင်းဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးနှင့်ကျန်းမာရေးပစ္စည်း၊ လူသုံးကုန်နှင့်စားသောက်ကုန်များ ပါဝင်သော ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၇၀၂၃၀ ဒသမ ၁၁ တန်နှင့် ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊ Octane 92 ၁၉၉၈၈၆ ဂါလန်တို့ကို ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ရွှေဖုံးမှ*

ငှားရမ်းပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းများသို့ သုတ/ရသ စာအုပ်စာစောင်များ ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များအား ငှားရမ်းဖတ်ရှုလိုသည့် သုတ/ရသ စာအုပ်စာစောင်များ ငှားရမ်းပေးခဲ့ရာ တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးခဲ့ပြီး စာပေဝါသနာရှင်များနှင့် စာဖတ်ပရိသတ်များ ငှားရမ်းဖတ်ရှုလိုပါက ခရိုင်ပြည်သူ့စာကြည့်တိုက်သို့ မည်သူမဆိုလာရောက် အခမဲ့ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

ရွေ့လျားစာကြည့်တိုက် Mobile Library Bus တွင် ဝတ္ထု၊ မဂ္ဂဇင်း၊ ရုပ်ပြနှင့် အသိပညာဗဟုသုတများစွာရရှိမည့် သုတ/ရသစာအုပ်စာစောင်များ ၃၅၀ ပါရှိပြီး ငှားရမ်းပေးခဲ့သောစာအုပ်များကို သုံးရက်လျှင်တစ်ကြိမ် လဲလှယ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဥပဒေရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများလှူဒါန်း

**နေပြည်တော် ဩဂုတ် ၂**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဥပဒေရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ စေတနာဖြင့် စုပေါင်းလျက် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေး ယနေ့နံနက်ပိုင်းက ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ် အစည်းအဝေးခန်းမ၌ ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ဝန်ထမ်းမိသားစုများ ကိုယ်တိုင် စိတ်အားထက်သန်စွာဖြင့် စားသောက်ဖွယ်ရာများ ပြင်ဆင်ထုပ်ပိုးနေမှုများကို ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးတို့က လိုက်လံကြည့်ရှုအားပေးကြသည်။ (ယာပုံ)

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စုပေါင်းလှူဒါန်းငွေကျပ်သိန်း ၉၀ နှင့် တပ်မတော်သားတစ်ဦးလျှင် ကော်ဖီမစ်၊ ခေါက်ဆွဲခြောက်၊ မုန့်၊ လက်ဖက်ထုပ် အသေး၊ ငါးပိထုပ်၊ လက်ဖက်အကြော်စုံ၊ ပေါက်ရှူ ရှူဆေးဘူး၊ ငါးသေတ္တာတို့ပါရှိသော အစားအသောက်ဆေးဝါးပစ္စည်း စုစုပေါင်း တန်ဖိုးငွေကျပ် ၃၅ သိန်းဖိုးကို တပ်မတော်သား အယောက် ၂၀၀ အတွက် မေတ္တာဖြင့် လှူဒါန်းပေးခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**




# ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက အားဖြည့်ဗီတာမင်ဆေးဝါးများ၊ အာဟာရဖြည့်ဓာတ်ဆားထုပ်များ၊ တိုင်းရင်းဆေးဝါးများနှင့် စားသောက်ဖွယ်ရာများ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂**

နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဦးလည်မသုန် အစဉ်ကာကွယ်နေသော၊ တရားသောစစ်ကို ဆင်နွှဲနေသည့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စေတနာ၊ မေတ္တာအပြည့်ဖြင့် စုပေါင်းကာ စိတ်အားထက်သန်စွာဖြင့် ချက်ပြုတ်ကြော်လှော်ထားသော စားသောက်ဖွယ်များကို ထောက်ပံ့လှူဒါန်းနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများအား စနစ်တကျထုပ်ပိုးနေမှု၊ လှူဒါန်းပေးပို့နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းနှင့် ညွှန်ကြားရေးမှူးချုပ်များက လိုက်လံကြည့်ရှုအားပေးကြသည်။ (အပေါ်ယာပုံ)



ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အားဖြည့်ဗီတာမင်ဆေးဝါးများ၊ အာဟာရဖြည့်ဓာတ်ဆားထုပ်များ၊ အကိုက်အခဲပျောက်ဆေးများ၊ တိုင်းရင်းဆေးဝါး(လိမ်းဆေး၊ သောက်ဆေးများ)၊ ငါးခြောက်ကြော်၊ ပုံးရည်ကြီး၊ လက်ဖက်နှပ်၊ ဘီစကွတ်များ၊ ခေါက်ဆွဲခြောက်များကို ထောက်ပံ့လှူဒါန်းနိုင်ရေး ဝိုင်းဝန်းပြင်ဆင်ဆောင်ရွက်ခဲ့ကြပြီး “ဒို့တာဝန်အရေးသုံးပါးအတွက် တရားသောစစ်ကို ရဲဝံ့စွန့်စားစွာ လေ့ခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်ဖြင့် အသက်နှင့်ခန္ဓာကို မငဲ့ကွက်ဘဲ စွမ်းစွမ်းတမံ တိုက်ပွဲဝင်လျက်ရှိကြသော ဇာနည်မောင်ဘွား မျိုးချစ်တပ်မတော်သားများ ဘေးရန်ကင်းကွာပါစေကြောင်း၊ တိုက်ပွဲဟူသမျှ အောင်မြင်ပါစေကြောင်း၊ တရားသောစစ်အောင်မြင်ပါစေကြောင်း၊ ပြည်ချစ် တပ်မတော်သားများအားလုံး အောင်ပွဲများအလီလီ ရရှိပါစေကြောင်း၊ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲပါစေကြောင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ် ကာကွယ်စောင့်ရှောက်ပေးသည့်အတွက် အထူးပင်လေးစားတန်ဖိုးထားပါကြောင်း” အစရှိသည့် ကျန်းမာရေး ဝန်ထမ်းမိသားစုများ၏ဆုတောင်းမေတ္တာပို့သစာများကိုလည်း ထည့်သွင်းပေးပို့ခဲ့ကြသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများကစုပေါင်း၍အားဖြည့်ဗီတာမင်ဆေးဝါးများ၊ အာဟာရဖြည့်ဓာတ်ဆားထုပ်များ၊ တိုင်းရင်းဆေးဝါးများနှင့် စားသောက်ဖွယ်ရာများ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၂၆ သိန်းဖိုးခန့် ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လွိုင်ကော်မြို့ နမ့်ကွတ်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ဆရာ/ဆရာမများအား ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများပေးအပ်



**နေပြည်တော် ဩဂုတ် ၂**

ကယားပြည်နယ် လွိုင်ကော်မြို့ နမ့်ကွတ်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ဆရာ ဆရာမများအား ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းရှိ အမေ့မေတ္တာဆောင်၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးက ဆန်၊ ဆီ၊ ကြက်ဥ၊ စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်များကို ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

စစ်ကိုင်းတိုင်း ဒေသကြီး (အထက်ပိုင်း)၊ ရေဝတီတိုင်း ဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

## နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွန့်လွှတ်စွန့်စားစွာဖြင့် စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသည့် ရှေ့တန်းရောက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးပို့လှူဒါန်း



နေပြည်တော် ဩဂုတ် ၂

စက်မှုဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများက နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွန့်လွှတ်စွန့်စားစွာဖြင့် စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသည့် ရှေ့တန်းရောက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာနှင့် မွန်မြတ်သည့် စိတ်ထားများ အရင်းခံ၍ ငါးပိကြော်၊ ငံပြာရည်ကြော်၊ ဗာလချောင်ကြော်၊ အသင့်စားခေါက်ဆွဲခြောက်များ၊ ငါးသေတ္တာဘူးများ၊ ဘီစကွတ်များ၊ ငါးပိထောင်းဘူးများ၊ ကော်ဖီမစ်ထုပ်များ၊ ခတ်ဆားထုပ်များ၊ ဆေးဝါးများ ထုပ်ပိုးခြင်းလုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်နေမှုတို့ကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်နှင့် တာဝန်ရှိသူများက လှည့်လည်အားပေးကြည့်ရှုသည်။

### သွားရောက်လှူဒါန်း

စက်မှုဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်း၊ မိသားစုဝင်များအနေဖြင့် နိုင်ငံတော်လုံခြုံရေးတာဝန်များနှင့် ကာကွယ်ရေးတာဝန်များ၊ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များကို ကာကွယ် စောင့်ရှောက်နေသည့် လုံခြုံရေး အဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ၊ ဆေးဝါးများနှင့် အလှူငွေများကို နေပြည်တော်တိုင်းစစ်ဌာနချုပ်သို့ သွားရောက် လှူဒါန်းသွားမည်ဖြစ်သည်။

### အားပေးဂုဏ်ယူ

ထို့ပြင် ဝန်ထမ်းများမှ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် "နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေရင်း မိမိကျန်းမာရေးကိုလည်း ဂရုစိုက်ပါ၊ မိမိကိုယ်ကိုလည်း ကာကွယ်ထိန်းသိမ်းပါ၊ အမောင်စစ်သည်တို့၏ ဆောင်ရွက်ချက်များကို အားပေးဂုဏ်ယူရင်း ထောက်ခံနေမည် ဖြစ်ကြောင်း၊" "ရှေ့တန်းရောက် တပ်မတော်သားများ တိုက်ပွဲတစ်ရာ အောင်ပွဲတစ်ရာရရှိမည်ဟု ယုံကြည်ကြောင်း၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်၍ တရားသောစစ် မုချအောင်ရမည်၊" "အမောင်စစ်သည်တို့ အောင်ပွဲနှင့်အတူ ပြန်လာချိန်တွင် သပြေပန်းနှင့်ကြိုဆိုရန် အသင့်စောင့်နေပါမည်၊" "အမောင်စစ်သည်တို့နှင့်အတူ တစ်သွေးတည်း တစ်သားတည်း အတူရပ်တည်နေသည်ကို ခြွင်းချက်မရှိ ယုံကြည်၍ ပေးအပ်သည့် အမိန့်နှင့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ကြပါစေကြောင်း"ဟူသော အားပေးသတင်းအမှာစကားများကိုလည်း ပေးပို့ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ယုံကြည်ထားသည် အောင်ရမည်

- "တရားသော ဒို့စစ် ရဲဝံ့ဆင်နွှဲမည်
  ဒို့ချစ်တဲ့ အမိနိုင်ငံ သာယာဖို့ရည်"
  ခိုင်ကျည်ထက်သန်၊ သန္နိဋ္ဌာန်ဖြင့်
  တွန်းလှန်ဖယ်ရှား ရန်စွယ်များတည့်။
- ငါ့နိုင်ငံတော် ငါ့နိုင်ငံသား
  သစ္စာထားလျက်
  သားချင်းပေါင်းစု၊ ပြည်ထောင်စုတွက်
  ပြည်သူ့သားကောင်း၊ ဗီစေကြောင်းကို
  နီမောင်းရဲစွေး၊ သတ္တိသွေးဖြင့်
  ရေးထိုး သက်သေ ထူပါအံ့။
- သားကောင်း ဇာနည်၊ ဒို့စစ်သည်များ
  ခံယူထားသည်
  တရားသောစစ် နိုင်ရမည်။
- မိ ဖ နှင့်တူ၊ ဒို့ပြည်သူများ
  ယုံကြည်ထားသည်
  တရားသောစစ် အောင်ရမည်။
- "ရဲသော် မသေ သေသော် ငရဲမလား"
  စွန့်စား ရဲရင့်၊ အောင်ပန်းဆင့်လျက်
  လွှင့်တင် အောင်လံ စိုက်ထူစို့။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

(တရားသောစစ်ကို ဆင်နွှဲနေသည့် ပြည်သူ့သားကောင်းများအား ဂုဏ်ပြုလျက်)

## တရားသောစစ်အောင်မြင်စေရေးနှင့် ကိုယ်ကျိုးစွန့်ကာပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ပေးနေသည့် တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အလှူငွေနှင့်စားသောက်ဖွယ်ရာများပေးအပ်

ရန်ကုန် ဩဂုတ် ၂

တရားသောစစ် အောင်မြင်စေရေးနှင့် ကိုယ်ကျိုးစွန့်ကာ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ပေးနေသည့် တပ်မတော်သားများ၊ လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် အလှူငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏ လှူဒါန်းမှုများ၊ တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ တာဝန်ရှိသူများ၏လှူဒါန်းမှုများ၊ အလှူရှင်ပြည်သူများ၏ လှူဒါန်းမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်(ယာယီ)၊ တိုင်းမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက လက်ခံရယူပေးကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ လှူဒါန်းရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၅၆၂၈၈၀၀၀၀ နှင့် ပစ္စည်းတန်ဖိုးမှာ ငွေကျပ် ၁၂၅၆၄၈၀၀ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၅၇၅၄၄၈၀၀ ရရှိကြောင်းနှင့် အဆိုပါ အလှူငွေများနှင့် စားသောက်ဖွယ်ရာများကို တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးနိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ထုပ်ပိုးဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က လိုက်လံကြည့်ရှုအားပေးကြသည်။

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ် ထက်သန်စွာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများနှင့် ဝန်ကြီးဌာနအလိုက် ဝန်ထမ်းမိသားစုများက အလှူငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိကြောင်းနှင့် ဝန်ကြီးဌာနအလိုက်အရာထမ်း၊ အမှုထမ်းများက "တပ်မတော်သားအားလုံး ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများ၏ ဂုဏ်ကျေးဇူးကြောင့် ကျန်းမာပါစေ၊ ဘေးအန္တရာယ် ကင်းရှင်းပါစေ၊ တရားသောစစ်အောင်မြင်ပါစေ" အစရှိသည့် ဆုတောင်းမေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ကြကြောင်း သိရသည်။ **ဆန်းကျော်ဦး (ပြန်/ဆက်)**



## မြောင်းမြခရိုင်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် စာသင်ကျောင်း ၁၉ ကျောင်း ပိတ်ထားရ

မြောင်းမြ ဩဂုတ် ၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်အတွင်းရှိ အိမ်မဲ၊ ဝါးခယ်မမြို့နယ်များ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် ဩဂုတ် ၂ ရက်အထိ အခြေခံပညာကျောင်း ၁၉ ကျောင်း ပိတ်ထားရကြောင်း သိရသည်။

ဇူလိုင် ၂၉ ရက် နံနက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး စာသင်ကျောင်းများအတွင်းသို့ ရေဝင်ရောက်လာမှုကြောင့် မလိုလားအပ်သော ထိခိုက်မှုများမဖြစ်ပေါ်စေရေးအတွက် အိမ်မဲမြို့နယ်မှ ကျောင်းပေါင်း ၁၇ ကျောင်းနှင့် ဝါးခယ်မမြို့နယ်မှ နှစ်ကျောင်းတို့ကို ပိတ်ထားခြင်းဖြစ်ကြောင်း၊ ရေကြီးမှုကြောင့် ပိတ်ထားသော ကျောင်းများအတွက် လိုအပ်သည့်ကူညီမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဆောင်ရွက်ပေးလျက်ရှိပြီး ရေပြန်လည်ကျသွားပါက ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကာ ကျောင်းပိတ်ရက်များအတွက် တနင်္ဂနွေနေ့များတွင် အစားထိုးပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့များအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများလှူဒါန်း

**တောင်ကြီး ဩဂုတ် ၂**
နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ် ထန်ထက်သန်စွာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိသည်။

နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ထမ်းမိသားစုများက စေတနာ၊ မေတ္တာအပြည့်ဖြင့် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးမှ ဝန်ထမ်းများ၊ ပြည်နယ် စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများ၊ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဝန်ထမ်းများက စားသောက်ဖွယ်ရာများ ပြင်ဆင် ထုပ်ပိုးနေမှုများကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူတို့က လိုက်လံကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ခေါက်ဆွဲခြောက် ၅၀၀၀၊ ငါးသေတ္တာ ၃၀၀၀၊ ကော်ဖီမစ်၅၀၀၀၊ သီးစုံခေါက်ဆားထုပ် ၅၀၀၀ ၊ ပဲပုပ်ကြော် ၂၀၀၀၊ ငါးကလေးကြော် ၂၀၀၀၊ ဆေးလိပ်အထုပ် ၁၀၀၀၊ လက်ဖက်ထုပ် ၅၀၀၀ ၊ ချိုချဉ်အထုပ် ၁၀၀၀ ၊ ချောင်းဆိုးပျောက်ဆေး ၃၀၀၀၊ မဟာဖြေဆေး ၃၀၀၀၊ ငါးပိထောင်း ၅၀၀၀ နှင့် ၁၂ မျိုးပါ အထုပ် ၁၀၀၀ တို့ကို ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ စားသောက်ဖွယ်ရာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# စစ်တွေမြို့နယ်အတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

**စစ်တွေ ဩဂုတ် ၂**
စစ်တွေမြို့နယ်အတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေး အသိပညာပေးလုပ်ငန်းများကို ရခိုင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးသက်ထွန်းသည် ကျန်းမာရေး ဝန်ကြီးဌာနမှ ဗဟိုကွင်းဆင်းအဖွဲ့နှင့် ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းအဖွဲ့များနှင့်အတူ ယနေ့ နံနက်ပိုင်းက စစ်တွေ အကျဉ်းထောင်နှင့် အမှတ် (၄) အခြေခံ ပညာ အထက်တန်း ကျောင်းများသို့ သွားရောက်ပြီး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။



ဦးစွာ ပြည်နယ်လူမှုရေးရာဝန်ကြီး၊ ဗဟိုနှင့်ပြည်နယ် ကျန်းမာရေးကွင်းဆင်းအဖွဲ့များသည် စစ်တွေအကျဉ်းထောင်သို့ သွားရောက်ပြီး အကျဉ်းထောင်တာဝန်ခံ၊ အကျဉ်းထောင်ဆရာဝန်၊ အကျဉ်းထောင်ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ရန် မှာကြားခြင်း၊ အကျဉ်းသားများအားတွေ့ဆုံကာ ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရန် ကျန်းမာရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး အကျဉ်းထောင်အတွင်း ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုများ၊ ကျန်းမာရေးအသိပညာပေး ဆောင်ရွက်နေမှုများ၊ သန့်ရှင်းသော အစားအသောက်နှင့် သောက်သုံးရေရရှိရေး စီစဉ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် အဖွဲ့သည် စစ်တွေမြို့ အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ကျန်းမာရေး အသိပညာပေးဟောပြောခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ပြည်နယ်လူမှုရေးရာဝန်ကြီးဦးဆောင်၍ စစ်တွေမြို့ပေါ်ရှိ ရပ်ကွက်များတွင် ကျန်းမာရေးဆိုင်ရာ အသိပညာပေးရေး လုပ်ငန်းများ ဆောင်ရွက်နေကြသည့် ပြည်နယ်အဆင့်လုပ်ငန်းအဖွဲ့ ၁၅ ဖွဲ့မှ မြေပြင်ကွင်းဆင်း ဆောင်ရွက်ခဲ့မှုများကို ဆန်းစစ်သုံးသပ်ခြင်း၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြရာ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

# Junior Development Program – 2 ပန်းလှိုင်ဂေါက်ကွင်း၌ ပြုလုပ်

**ရန်ကုန် ဩဂုတ် ၂**
မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်က စီစဉ်သည့် Junior Development Program – 2 ကို ဩဂုတ် ၂ ရက်မှ ၄ ရက်အထိ သုံးရက်ကြာ ပြုလုပ်လျက်ရှိသည်။

အဆိုပါ Program တွင် မြန်မာ့လက်ရွေးစင်ဂေါက်သီးရိုက်ကစားသမားများကို နည်းပြအဖြစ် ဆောင်ရွက်ပေးခဲ့သည့် TANAPAT PICHAIKOOL အပါအဝင် ထိုင်းလက်ရွေးစင် ဂေါက်သီးရိုက်အသင်း လက်ထောက်နည်းပြ PHUWARIT RUNGPITTAYATH–ON၊ CHETNIPATH SUTABUTRA (Thailand Professional Track–man Representative)၊ STEP–HEN CHICK (PGA Professional, Myanmar Junior National Coach နှင့် Yan Naing Phyo (Technical Consultant) တို့က သင်ကြားပို့ချပေးနေခြင်းဖြစ်သည်။



ယင်းနည်းပြဆရာများအနေဖြင့် ဂေါက်သီးအားကစားနည်းနည်းစနစ်များဖြစ်သည့် (Refining your swing teachnique to enhance consistency and accuracy, Player evaluation & Swing Analysis by utilizing Trackman Technology, Putt–ing, Chipping, Driving Range Drills will provide to each player, By Analyzing, addre–ssing areas of improvement, Simple Course Management, To Optimize performance and achieve scoring targets) တို့ကို သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ Junior ကစားသမားများ၏ ဂေါက်သီးအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ရည်ရွယ်ပြုလုပ်ပေးခြင်းဖြစ်ပြီး၊ Junior Develo–pment Program အစီအစဉ်များကိုလည်း ထပ်မံပြုလုပ်ပေးသွားမည်ဖြစ်သည်။

**သတင်း–ကိုညီလေး**
**ဓာတ်ပုံ–MGF**

# ကျိုက်မရော၌ အသက် ၁၀နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေး

**ကျိုက်မရော ဩဂုတ် ၂**
မွန်ပြည်နယ် ကျိုက်မရောမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တာဝန်ရှိသူများသည် ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးနိုင်ရေးအတွက် ဩဂုတ် ၂ ရက် နံနက်ပိုင်းက မြို့နယ် ဦးစီးမှူးရုံးခန်းမ၌ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ကျိုက်မရောမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်က ပန်းခင်းစီမံချက် အကြောင်းအရာများနှင့် နိုင်ငံသားစိစစ်ရေးကတ်ရရှိခြင်းကြောင့် ရရှိမည့် အကျိုးကျေးဇူးများ၊ မပျောက်ပျက်အောင် စနစ်တကျ ထိန်းသိမ်းရန်လိုအပ်ပုံတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် အ.ထ.က တောင်ကလေးကျောင်းမှ အသက် ၁၀နှစ်ပြည့်ပြီးသူ၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် အသက် ၁၈နှစ်ပြည့်မည့် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ၊ အိမ်ထောင်စုစာရင်း မရှိသူ ကျောင်းသားကျောင်းသူ စုစုပေါင်း ၇၄ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်များနှင့် ဇီဝဆိုင်ရာ အချက်အလက်များကို ပါ ကောက်ယူဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး**
**(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ MSME များနှင့် စက်ရုံများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၂**

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဗဟိုအေဂျင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်တို့သည် ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် လျှောပင်ကျေးရွာရှိ ဦးသိန်းဝင်း၏ ချည်စက်တွင် နေရောင်ခြည်စွမ်းအင်သုံးဆိုလာဖြင့် အထည်များရက်လုပ်နေမှု**(ယာပုံ)**၊ ဦးဇော်လွင်၏ ဖြိုးဖြိုးအထည်စက်၊ ဦးဆန်းမင်းမြတ်၏ ရက်ကန်းလုပ်ငန်း၊ ဦးအောင်မိုး၏ မြခြူးချည်ချောလုံချည်များ ရက်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်အားပေးကြည့်ရှုပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပျော်ဘွယ်မြို့နယ် ကျီနီကျေးရွာရှိ ဦးစိန်လွင်၏ MSME သံရည်ကျိုလုပ်ငန်း၊ ဦးဟန်ရှိန်၏ သံရည်ကျိုလုပ်ငန်း၊ ဦးပြည်သိမ်း၏ သံရည်ကျိုလုပ်ငန်းတို့သို့ ရောက်ရှိပြီး ရက်ကန်းစက်များအတွက် အပိုပစ္စည်းများ၊ စက်အရန်ပစ္စည်းများ ထုတ်လုပ်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သံရည်ကျိုလုပ်ငန်းများအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများရရှိရေးကို ကူညီပေးမည်ဖြစ်ကြောင်း၊ သံရည်ကျိုလုပ်ငန်းများမှထွက်ရှိသည့် ကုန်ချောပစ္စည်းများအတွက် ဈေးကွက်ရရှိရေး MSME Agency မှ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများအတွက် လိုအပ်သော စက်အရန်ပစ္စည်းများ ထုတ်လုပ်ရာတွင် လိုအပ်သည့် နည်းပညာများကိုလည်း ပံ့ပိုးဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME Agency များမှ ဝိုင်းဝန်းကူညီဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း မှာကြားပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အောင်ဇမ္ဗူ ဆံပင်ရောင်းဝယ်ရေးလုပ်ငန်းသို့ ရောက်ရှိပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်အားပေးကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၈)အထည်စက်ရုံ (ပျော်ဘွယ်) သို့ ရောက်ရှိပြီး MSME များ၏ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးနိုင်ရေးအတွက် လုပ်ငန်းရှင်များနှင့် အမြဲမပြတ်ထိတွေ့ဆက်ဆံရန်၊ ခရိုင်အတွင်းရှိ စက်မှုလုပ်ငန်းများ၏ စာရင်းဇယားများကို စနစ်တကျ ကောက်ယူ၍ စောင့်ကြည့်လေ့လာသုံးသပ်ရန်၊ စက်မှုလုပ်ငန်းများမှ ခရိုင်၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (GDP) ပါဝင်မှုနှုန်းများကိုလည်း လေ့လာတွက်ချက်ထားရန်၊ ခရိုင်အတွင်းရှိ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုထက်ပိုမို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားသည်။

ညနေပိုင်းတွင် ပျော်ဘွယ်မြို့နယ် မင်းရွာမှ လက်မှုပညာများဖြင့် မြန်မာ့အမွေအနှစ် ငှက်ကြီးတောင်ခေါင်းရှည်များ၊ လယ်ယာသုံးပစ္စည်းကိရိယာများ၊ မီးဖိုချောင်သုံးဓားများထုတ်လုပ်၍ ဖြန့်ဖြူးရောင်းချလျက်ရှိသည့် အဆွေတော်ဓားဆိုင်ကို အားပေးကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၈)အထည်စက်ရုံခွဲ (ရမည်းသင်း)သို့ ရောက်ရှိပြီး လုံချည်နှင့်ပိတ်များ ရက်လုပ်နေမှု၊ ဝန်ကြီးဌာနများမှ လုပ်ငန်းအပ်နှံထားသည့် အမျိုးသမီးဝတ်လုံချည်များ ရက်လုပ်နေမှု၊ စွမ်းအင်ဝန်ကြီးဌာနနှင့် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)တို့မှ လုပ်ငန်းအပ်နှံထားသည့် ကာကွယ်ရေးဝတ်စုံများ ချုပ်လုပ်နေမှု၊ အဖြူချွတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ခံက စက်ပစ္စည်းများ တပ်ဆင်ထားရှိမှု အခြေအနေ၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနများမှ အမှာစာဖြင့် လုပ်ငန်းအပ်နှံထားသည့် ကုန်ပစ္စည်းများအား အချိန်မီထုတ်လုပ်ပေးနိုင်ရေး စီမံဆောင်ရွက်ထားရန်၊ အထည်ချုပ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ချုပ်ရိုးချုပ်သား ခိုင်ခံ့မှုရှိအောင်နှင့် လက်ရာသေသပ်ကောင်းမွန်အောင် ကြပ်မတ်ဆောင်ရွက်ရန်၊ ပြည်ပသွင်းကုန် အစားထိုးထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်၍ လုပ်ငန်းတာဝန်များကို အလေးထားဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂**

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖုံ၊ ဆပ်ကော်မတီများမှ အတွင်းရေးမှူးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါ်နုမြဖုံက မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပခဲ့သည့် ကာလသည် ငွေရတု ၂၅ နှစ်တိုင်ခဲ့ပြီဖြစ်သည့်အတွက် ငွေရတုအထိမ်းအမှတ် အစဉ်အလာအတိုင်း ထိုက်သင့်သည့်အလျောက် ခမ်းခမ်းနားနား ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ဆပ်ကော်မတီအလိုက် တင်ပြထားသည့် သုံးစွဲငွေများထဲမှ ချိန်ဆ၍ အခမ်းနားဆုံး ကျင်းပသည့်ပွဲနှင့်အညီ လိုက်လျောညီထွေရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး ဘတ်ဂျက်အနေဖြင့်လည်း အတတ်နိုင်ဆုံး စိစစ်ချွေတာ၍ သုံးစွဲရမည် ဖြစ်ပါကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာသူများက ဝိုင်းဝန်းညှိနှိုင်းဆွေးနွေး ပေးစေလိုပါကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး၊ အနုပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းက ဆပ်ကော်မတီများမှတင်ပြလာသော အသုံးစရိတ်နှင့် စက်သုံးဆီ လျာထားချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ဆပ်ကော်မတီများဖြစ်သည့် လုံခြုံရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေး၊ အခမ်းအနား ပြင်ဆင်ရေးနှင့် အကဲဖြတ်အမှတ်ပေး ကြီးကြပ်ရေး ဆပ်ကော်မတီ၊ ပြိုင်ပွဲစိစစ်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့်ဂုဏ်ပြုညစာစားပွဲကျင်းပရေး ဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေး၊ ဆုချီးမြှင့်ရေးနှင့် အခမ်းအနားများကျင်းပရေး ဆပ်ကော်မတီ၊ ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့်လှုံ့ဆော်ရေးဆပ်ကော်မတီ၊ တည်းခိုမည့်နေရာအုပ်ချုပ်ရေးဆပ်ကော်မတီ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနှင့် MICC(II)တို့မှ တာဝန်ရှိသူများက ၎င်းတို့တင်ပြထားသည့် အသုံးစရိတ်နှင့် စက်သုံးဆီလျာထားချက်များနှင့် ပတ်သက်၍ စိစစ်သုံးစွဲနိုင်ရေး ဆွေးနွေးတင်ပြကြရာ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မလှိုင်မြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မြို့နယ်အဆင့်ကျင်းပ

**မလှိုင် ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မြို့နယ်အဆင့် ဖွင့်ပွဲ




အခမ်းအနားနှင့် ပြိုင်ပွဲကို ဇူလိုင် ၃၀ ရက်က ကျင်းပသည်။

အဆိုင်ပါပြိုင်ပွဲကို ကဏ္ဍစုံ အမျိုးသား အမျိုးသမီး ၄၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ဇူလိုင် ၃၁ ရက်တွင် ဆုပေးအပ်ပွဲကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်သဘင်အစည်းရုံးမှတာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို (ရွှေ/ငွေ/ကြေး) လည်ဆွဲတံဆိပ်များ၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

မြို့နယ်အဆင့်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ခရိုင်အဆင့်တွင် ဆက်လက်ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေးအတွက် စခန်းသွင်း လေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြထွန်း(မလှိုင်)**

## အင်းစိန်မြို့၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဟောပြော

**ရန်ကုန် ဩဂုတ် ၂**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (အင်းစိန်မြို့နယ်)နှင့် မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့ပူးပေါင်း၍ဆေးလိပ်၊ ကွမ်းယာ၊ အရက်နှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဆွေးနွေးဟောပြောပွဲကို ဇူလိုင် ၃၁ ရက်က ခရိုင်ပြန်/ဆက် ဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းနှင့် မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်တို့က မေးမြန်းဆွေးနွေးရာ မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ–တောင်တွင်းကြီး)က ဆေးလိပ်၊ ကွမ်းယာ၊ အရက်နှင့် မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးအန္တရာယ်များအကြောင်း၊ ပြစ်မှုပြစ်ဒဏ်များအကြောင်းကို ဆွေးနွေးဟောပြောသည်။

အဆိုပါ ဆွေးနွေးဟောပြောချက်များကို အင်းစိန်ခရိုင် ပြန်/ဆက် ဦးစီးဌာန အွန်လိုင်းမီဒီယာက အများပြည်သူများ ကြည့်ရှုနားထောင်နိုင်ရန် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ပဲခူးမြို့ပေါ်ရှိ ရေဘေးသင့်ပြည်သူများကို တွေ့ဆုံ အားပေး၊ ထောက်ပံ့

**နေပြည်တော် ဩဂုတ် ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတို့သည် ယနေ့နံနက်ပိုင်းက မိုးရာသီကာလ ရေကြီးမှုဖြစ်စဉ်များကြောင့် ရေဘေးသင့်ခဲ့ကြသော ပဲခူးမြို့ပေါ်ရပ်ကွက်များရှိ ရေဘေးရှောင်စခန်းများမှရေဘေးသင့်ပြည်သူများကို သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမ္မာန်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွင့်လှစ်ထားသည့် သဘာဝဘေးကွပ်ကဲရေးရုံးသို့ ရောက်ရှိပြီး တိုင်းဒေသကြီးအတွင်း ရေဘေးဖြစ်ပွားမှုအခြေအနေ၊ ဘေးသင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးဆောင်ရွက်မှုနှင့် ရေဘေးရှောင်စခန်းဖွင့်လှစ်ထားမှုအခြေအနေများကို ဆွေးနွေးပြီး မြို့သစ်ရပ်ကွက်၊ ဆုတောင်းပြည့်ဘုန်းကြီးကျောင်းတွင် ဖွင့်လှစ်ထားသော ရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူ ၁၇၉၅ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၁၆၁၅၅၀၀၀၊ ကြက်ဥအလုံးရေ ၃၅၉၀၊ ခေါက်ဆွဲခြောက်ထုပ် ၃၅၉၀ တို့ကိုလည်းကောင်း၊ ကျောက်ကြီးစုရပ်ကွက်၊ အထက်တန်းကျောင်းခွဲ(ကျောက်ကြီးစု)တွင် ဖွင့်လှစ်ထားသော ရေဘေးရှောင်စခန်းသို့ သွားရောက်ကာရေဘေးသင့်ပြည်သူ ၁၆၁၆ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၁၄၅၄၄၀၀၀၊ ကြက်ဥ ၃၂၃၂ လုံး၊ ခေါက်ဆွဲခြောက်ထုပ် ၃၂၃၂ ထုပ်တို့ကို လည်းကောင်း၊ ဟံသာဝတီရပ်ကွက် မွန်ဓမ္မာရုံတို့တွင် ဖွင့်လှစ်ထားသည့် ရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူ ၁၅၀၀ အတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၁၃၅၀၀၀၀၀၊ ကြက်ဥ ၃၀၀၀၊ ခေါက်ဆွဲခြောက်ထုပ် ၃၀၀၀ တို့ကိုလည်းကောင်း ပေးအပ်ထောက်ပံ့ခဲ့ကြပြီး ကလေးများအား တိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့သော စားစရာမုန့်များပေးဝေကာ ရင်းရင်းနှီးနှီး တွေ့ဆုံကြသည်။

အဆိုပါ စခန်းသုံးခုတွင် နိုင်ငံအနှံ့ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အကြီးအကဲနှင့် အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုကော်မတီတို့၏ ဦးဆောင်လမ်းညွှန်မှုများဖြင့် စီမံခန့်ခွဲဆောင်ရွက်ပေးနေမှုများ၊ ထောက်ပံ့ပေးနေမှုအခြေအနေများ၊ ရေဘေးဖြစ်ပွားပြီးနောက် အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီနှင့်အဖွဲ့အဆင့်ဆင့်၏ အနီးကပ်ကြီးကြပ်မှုများဖြင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးမည့်အခြေအနေများကို ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ရှင်းလင်းပြောကြားအားပေးကြသည်။

ယနေ့ထောက်ပံ့မှု စုစုပေါင်းမှာ ငွေကျပ် ၅၂၇ သိန်းကျော်ဖြစ်ပြီး အမျိုးသားကော်မတီ၏ညွှန်ကြားမှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ပဲခူးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ပြည်သူများကို ရေဘေးစတင်ဖြစ်ပွားသည်မှစ၍ယနေ့အထိ ထောက်ပံ့မှုပေါင်းမှာ ကျပ်သိန်း ၃၂၁၀ နီးပါးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

○ *ကျောဖုံးမှ*

ရေကြည်မြို့နယ်တို့အတွင်း နေရာအချို့တွင်လည်းကောင်း ရထားသံလမ်းအပေါ်သို့ ရေကျော်တက်ခြင်း၊ ရထားတံတားအချို့၏ ရေလယ်တိုင်နှင့် ကမ်းကပ်ခုံများ ရေတိုက်စားခံရခြင်းတို့ကို ကြုံတွေ့ခဲ့ရသဖြင့် ရန်ကုန်-မန္တလေး၊ ရန်ကုန် -မော်လမြိုင်နှင့် ပုသိမ်-ဟသ်ာတ-ကြံခင်းရထားခရီးစဉ်များကို ယာယီဖျက်သိမ်းထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်သည်။

မြန်မာ့ မီးရထားအနေဖြင့် ယခုကဲ့သို့ မိုးသည်းထန်စွာရွာသွန်းလျက်ရှိသည့် သဘာဝဘေးအန္တရာယ်ကြောင့် ယာယီပိတ်ထားရသည့် ရေကျော်စီးဆင်းနေသောနေရာများတွင် ရေကင်းစောင့် ဝန်ထမ်းများ နေ့/ည မပြတ် တာဝန်ချထား၍ စောင့်ကြည့်ခြင်း၊ ရေကျသွားသည့် ပဲခူး -ဘုရားကြီး ရထားလမ်းပိုင်းအတွင်း မြန်မာ့မီးရထား တာဝန်ရှိသူများနှင့် လုပ်သားများက ကျောက်ရထားနှင့် သံလမ်းပြေးယာဉ် RGC များ အသုံးပြု၍ ကျောက်ကြီးများချခြင်း၊ ရထားလမ်းနှင့်တံတားများ၏ ကြံ့ခိုင်ရေးလုပ်ငန်းများကို ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၁ ရက်အထိ နေ့စဉ်ဆောင်ရွက်ခဲ့ကြသည်။

ယနေ့ဩဂုတ် ၂ ရက် တိုင်းတာစစ်ဆေးချက်များအရ ပဲခူးဘူတာယာဒ်ဝင်းတွင် ရေများပြန်လည်ကျဆင်းသွားပြီး ယာဒ်ဝင်းအစုန်ဘက် တံတားအမှတ်(၆၀) အနီးတွင် သံလမ်းမျက်နှာပြင်အောက် သုံးလက်မခန့်သို့ လည်းကောင်း၊ ပဲခူး-ဘုရားကြီးအကြား အဆန်လမ်းဘက်တွင် သံလမ်းမျက်နှာပြင်အောက် နှစ်ပေ ခုနစ်လက်မနှင့် အစုန်လမ်းဘက်တွင် လေးပေ နှစ်လက်မအထိ ရေများပြန်လည်ကျဆင်းသွားပြီ ဖြစ်သဖြင့် ရထားလမ်းပိုင်း တာပေါင်များအား စစ်ဆေးမှုအရ ရထားများဖြတ်သန်း စေလွှတ်နိုင်ပြီဖြစ်၍ ရန်ကုန် -မန္တလေး ရထားလမ်းအတွင်း ပဲခူး -ဘုရားကြီးအကြား လမ်းပိုင်း၊ ရန်ကုန် -မော်လမြိုင် ရထားလမ်းအတွင်း၊ ပဲခူး -ကလိအကြား လမ်းပိုင်းများအတွင်း ကျောက်ရထား၊ ကုန်ရထားနှင့် သံလမ်းပြေးယာဉ် RGC များဖြင့် စမ်းသပ်ပြေးဆွဲခဲ့ပြီး ယနေ့ နံနက်



ရန်ကုန် -မန္တလေးရထားလမ်းပိုင်းအတွင်း ရေကြီး/ရေလျှံမှုဖြစ်စဉ်ကြောင့် ရထားလမ်းနှင့်တံတားများ ထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြုပြင်ပြီးနောက် ဩဂုတ် ၂ ရက်တွင် လမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ကုန်ရထားများ စတင်ပြေးဆွဲစဉ်။

၆ နာရီ ၅ မိနစ်တွင် လမ်းပိုင်းပြန်လည်ဖွင့်လှစ်၍ ကုန်ရထားများကို ယနေ့မှစ၍ စတင်ပြေးဆွဲခွင့်ပြုခဲ့သည်။

ထို့နောက် ရေနစ်မြုပ်ခဲ့သည့် ပဲခူးဘူတာယာဒ်ဝင်း၊ တံတားအမှတ်(၆၀)နှင့် ရထားလမ်းပိုင်းများ၏ တံတားနှင့် လမ်းပိုင်းကြံ့ခိုင်မှုများ အသေးစိတ်ထပ်မံစစ်ဆေးခြင်း၊ လိုအပ်သည့် ကြံ့ခိုင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ဩဂုတ် ၃ ရက်မှစတင်၍ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတွင် အမှတ်(၁) အဆန်၊ အမှတ်(၂)အစုန် လူစီးစာပို့ရထား၊ အမှတ် (၁၁)အဆန်၊ အမှတ်(၁၂)အစုန် လူစီးအမြန်ရထား၊ အဆန်အထူး၊ အစုန်အထူးအမြန်ရထားနှင့် ရန်ကုန်-မော်လမြိုင် ရထားလမ်းပိုင်းတွင် အမှတ်(၈၁)အဆန်၊ အမှတ်(၈၂) အစုန် စသည့်လူစီးအမြန်ရထားများကို ပုံမှန်အတိုင်းပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး ပုသိမ် -ဟသ်ာတ -ကြံခင်း ရထားလမ်းပိုင်းအတွင်း ရေများပြန်လည် ကျဆင်းသွားပါက ရထားလမ်းနှင့် တံတားများ ကြံ့ခိုင်မှုတို့ကို အသေးစိတ်စစ်ဆေးဆောင်ရွက်ပြီး ရထားများ အမြန်ဆုံးပြန်လည် ပြေးဆွဲပေးနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုသိမ် -ဟသ်ာတ -ကြံခင်းရထားလမ်းပိုင်း၊ ဂုံးမင်း -ဒါးကရထားလမ်းပိုင်း ရေဖုံးလွှမ်းနေမှုကို တွေ့ရစဉ်။



ရန်ကုန် -မန္တလေးရထားလမ်းပိုင်း၊ ပဲခူး -ရွှေလှေအကြား ရထားလမ်းတာပေါင် ရေတိုက်စားထားသောနေရာများအား ကျောက်ကြီးများ ချယူစီထည့်ပြုပြင်နေမှုကို တွေ့ရစဉ်။

# တောင်သူများ သိသင့်သော တိုးတက်စိတ်နှင့် ကန့်သတ်စိတ်

*စိုးမိုးဝင်း (စိုက်ပျိုးရေး)*

"တိုးတက်လိုစိတ်ရှိတဲ့တောင်သူ" ဆိုသည့် စကားလုံးကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ ၂၀၀၈-၂၀၁၁ ခုနှစ်အတွင်းက ပူးပေါင်းဆောင်ရွက်သည့် စိုက်ပျိုးပညာပေးရေးဆိုင်ရာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှာ စတင်သိခဲ့ရသည်။ ထိုအချိန်က တိုးတက်လိုစိတ်ရှိပြီး တီထွင်ကြံဆတတ်သော တောင်သူနှင့် သမားရိုးကျလမ်းဟောင်းအတိုင်း စိုက်ပျိုးထုတ်လုပ်သော တောင်သူတို့ကို ကွဲကွဲပြားပြားမသိခဲ့ပေ။ တောင်သူများနှင့် ထိတွေ့ဆက်ဆံမှုများပြားလာသောအခါမှ တိုးတက်လိုစိတ်ရှိသော တောင်သူတို့သည် တိုးတက်ကြ၍ တိုးတက်လိုစိတ်မရှိသော တောင်သူတို့သည် မတိုးတက်ကြောင်းကို သိခဲ့ရသည်။ ဤသဘောတရားကို ကာရိုလ် စုစန်ဒီဝစ်ခ် (Carol Susan Dweck) ၏ စိတ်ခံတတ်(Mindset)၊ အောင်မြင်မှုစိတ်ပညာသစ် (The New Psychology of Success) စာအုပ်တွင် တိုးတက်စိတ် (Growth Mindset) နှင့် ကန့်သတ်စိတ်(Fixed Mindset) ဟူ၍ လေ့လာတွေ့ရှိရသည်။

### တိုးတက်စိတ်ရှိသော တောင်သူများ

တိုးတက်စိတ်ရှိသောလူတို့သည် အာရုံစူးစိုက်ပြီး အလုပ်ကြိုးစားလျှင် မိမိ၏စွမ်းရည်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သည်ဟု ယုံကြည်ကြသည်။ ထိုယုံကြည်ချက်နှင့်အတူ အသိပညာကိုလည်း ဖွံ့ဖြိုးတိုးတက်အောင်လုပ်နိုင်သည်၊ စိန်ခေါ်မှုများကို လက်ခံသည်၊ နောက်ပြန်ဆွဲအားနှင့် ကြုံကြိုက်သည့်အခါ ပါမသွားဘဲ ဆက်လက်တည်ရှိနိုင်သည်၊ ကျွမ်းကျင်သူဖြစ်ရန်အတွက် ကြိုးစားအားထုတ်မှုကို နည်းလမ်းဟုမြင်သည်၊ ဝေဖန်ပြောဆိုမှုများမှ လေ့လာသင်ယူသည်၊ အခြားသူများ၏ အောင်မြင်မှုများကို လေ့လာကြသည်။ တိုးတက်စိတ်ရှိသူတို့သည် ကြိုးစားအားထုတ်မှုနှင့် လေ့ကျင့်မှုတို့မှတစ်ဆင့် စွမ်းရည်များကို တိုးတက်အောင် လုပ်ကြသည်။ စိုက်ပျိုးရေးဝေါဟာရအရ ပြောလျှင် တိုးတက်စိတ်ရှိသော တောင်သူများသည် "စိုက်ပြီး ရောင်းမယ်" ဆိုသည့် စိတ်ခံတတ်ထက် "ရောင်းဖို့စိုက်မယ်" ဆိုသည့် စိတ်ခံတတ်မျိုးရှိသည်။

"စိုက်ပြီးရောင်းမယ်" ဆိုသည်မှာ သာမန်စဉ်းစားကာ စိုက်ပျိုးထုတ်လုပ်ပြီး ထွက်ရှိလာသော သီးနှံများကို ရောင်းမည်။ မြေရှိ၍ မြေယာပြင်ချိန်တွင် ပြင်လိုက်၊ စိုက်ချိန်တွင် စိုက်လိုက်၊ ပေါင်းနုတ်ချိန်၊ မြေဩဇာကျွေးချိန်၊ ရိတ်ချိန်တွင် နုတ်လိုက်၊ ကျွေးလိုက်၊ ရိတ်လိုက်၊ သီးနှံထွက်လာသည့်အခါ ရလာသည့်သီးနှံများကို ရောင်းလိုက်ဖြင့် ပုံမှန်နေ့စဉ်ဘဝကို လည်ပတ်ဆောင်ရွက်နေကြသည်။

"ရောင်းဖို့ စိုက်မယ်" ဆိုသည့် စိတ်ခံတတ်ရှိသူတို့သည် ရောင်းချနိုင်ရန် အဓိကဦးတည်ထားသည်။ တစ်နည်းအားဖြင့် ဈေးကွက်ကို အဓိကထားပြီး စိုက်ပျိုးထုတ်လုပ်ကြသည်။ ဈေးကွက်လိုအပ်ချက်၊ ဈေးကွက်လိုအပ်သည့် အရည်အသွေး၊ ဈေးကွက်မှ တောင်းဆိုသည့်သီးနှံ စသည့် ဈေးကွက်ကိုဦးတည်သော စိုက်ပျိုးထုတ်လုပ်ခြင်းကိုလုပ်ဆောင်ပြီး သီးနှံထွက်ကုန်များကို တန်ဖိုးမြှင့်တင်ကာ ရောင်းချကြသည်။

တိုးတက်စိတ်ရှိသော တောင်သူများသည် "အထွက်နှုန်းတိုးချင်ပါတယ်"၊ "သီးနှံအရည်အသွေးတွေ ကောင်းချင်ပါတယ်" စသည့် ပိုမိုတိုးတက်သော အခြေအနေများကို လိုချင်ကြောင်း စကားအဖြစ် ပြောရုံမျှမဟုတ်ဘဲ လက်တွေ့တွင် စိုက်ပျိုးရေးနည်းပညာများကို လေ့လာကြသည်၊ စိုက်ပျိုးရေးပညာရှင်များကို မေးမြန်းကြသည်၊ သတင်းအချက်အလက်နှင့် နည်းပညာများကို နည်းလမ်းပေါင်းစုံဖြင့် ရယူကြပါသည်။

### တိုးတက်စိတ်ရှိသော တောင်သူတို့၏ လေ့လာရေးခရီး

တိုးတက်စိတ်ရှိသော တောင်သူတို့သည် စိုက်ပျိုးရေးအသိပညာနှင့် နည်းပညာများကို လေ့လာသင်ယူရန် အမြဲတမ်းကြိုးစားနေလျက်ရှိသည်။ ယခုနှစ် ဇွန်လဆန်းက ရန်ကုန်တိုင်းဒေသကြီးမှ တိုင်းတောင်သူအကျိုးပြုအဖွဲ့ အဖွဲ့ဝင်များသည် စိုက်ပျိုးရေးဦးစီးဌာန၏ အမေးအဖြေဌာန (Call Center) သို့ လေ့လာရေးခရီး လာရောက်ခဲ့ကြသည်။ အဖွဲ့ဥက္ကဋ္ဌ ဦးထွန်းမြင့် အပါအဝင် စုစုပေါင်း တောင်သူ ခုနစ်ဦးဖြစ်သည်။

ထိုတောင်သူများသည် Call Center စဖွင့်စဉ်ကတည်းက အမြဲတမ်းမေးမြန်းနေသော တောင်သူ



ရန်ကုန်တိုင်းဒေသကြီး တောင်သူအကျိုးပြုအဖွဲ့ဝင်များ စိုက်ပျိုးရေးဦးစီးဌာန၏ ကောစင်တာသို့ လာရောက်လေ့လာစဉ်။

**❁ မြန်မာနိုင်ငံတွင် တောင်သူများအသင်းအဖွဲ့ဖြင့် ဆောင်ရွက်ခြင်းသည် ယခုထက် ပိုမိုများပြားသင့်သည်။ စိုက်ပျိုးရေးဦးစီးဌာနကလည်း တောင်သူလယ်သမားများ မျိုးစေ့ထုတ်ရာတွင် အစုအဖွဲ့ဖြင့်ဆောင်ရွက်ပြီး မျိုးစေ့ထုတ်လုပ်သူအသင်းများ ဖွဲ့စည်းရေးကို အားပေးကူညီလျက်ရှိသည်**

များဖြစ်သည်။ စိုက်ပျိုးရေးနှင့်ပတ်သက်၍ စိုက်ပျိုးရေးနည်းပညာ၊ မျိုးစေ့အကြောင်း၊ ပိုးမွှားရောဂါနှိမ်နင်းနည်း၊ ကာကွယ်နည်းများအကြောင်း၊ သဘာဝပိုးသတ်ဆေး/ ပိုးနှင်ဆေးများအကြောင်း၊ မြေဩဇာများအကြောင်း၊ သဘာဝမြေဩဇာများ၊ သစ်စိမ်းမြေဩဇာများ၊ အီးအမ်အကြောင်း စသည်ဖြင့် အစုံအလင်မေးမြန်းကြပြီး သီးနှံများနှင့်ပတ်သက်၍လည်း စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ သရက် စသည့် သီးနှံမျိုးစုံအကြောင်းတို့ကို မေးမြန်းကြသည်။

ထိုနေ့က တောင်သူများသည် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။ Call Center မှ တာဝန်ရှိဝန်ထမ်းများကလည်း အသေးစိတ်စိတ်ရှည်လက်ရှည် ရှင်းလင်းကြသည်။ မေးမြန်းသူနှင့် ဖြေကြားသူတို့၏ လေလှိုင်းမှ ရင်းနှီးမှုသည် လက်တွေ့ဘဝတွင် မျက်နှာဆိုင်တွေ့ဆုံပြီး ရင်းနှီးဖော်ရွေမှု၊ ခင်မင်မှုနှင့် ဝမ်းသာပီတိဖြစ်မှုတို့ကို ဖော်ပြသည့်ပွဲဟုဆိုလျှင် မမှားနိုင်ပေ။ တိုးတက်စိတ်ရှိသော တောင်သူတို့၏ လေလှိုင်းမှမေးမြန်းခြင်းအပြင် လက်တွေ့လာရောက် လေ့လာဆွေးနွေးမေးမြန်းကြခြင်းမှာ အတုယူစရာ၊ လေးစားစရာပင်ဖြစ်သည်။

တိုးတက်စိတ်ရှိသော တောင်သူများသည် တစ်ဦးတည်း စိုက်ပျိုးထုတ်လုပ်နေမည့်အစား အသင်းအဖွဲ့များဖွဲ့စည်းကာ မိမိရော သူတစ်ပါးရော အားလုံးဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြသည်။

### ကိုရီးယားမှ တောင်သူအစုအဖွဲ့

ကိုရီးယားမှာ မဟာသိပ္ပံသင်တန်းတက်စဉ်က Nonghyup ဟုခေါ်သော တောင်သူအစုအဖွဲ့အကြောင်းကို သင်ကြားခဲ့ရသည်။ အစပိုင်းတွင် တောင်သူ ၅ ဦး၊ ၁၀ ဦးဖြင့် စတင်ဖွဲ့စည်းပြီး စပါးရိတ်သိမ်းပြီးလျှင် စပါးနှစ်တင်း သုံးတင်းကို စတင်စုဆောင်းခဲ့ကြသည်။ အသင်းဝင်များက ငွေစုပြီး အသင်းဝင်များကို ပြန်လည်ထုတ်ချေးပေးခြင်း၊ သွင်းအားစုများ စုပေါင်းဝယ်ခြင်း၊ သီးနှံထွက်ကုန်များ စုပေါင်းရောင်းချခြင်း စသည့်လုပ်ငန်းများကို စတင်လုပ်ဆောင်ခဲ့ကြသည်။ ထိုသို့စတင်လာခဲ့သော အသင်းအဖွဲ့သည် ယနေ့ခေတ်တွင် ဘဏ်လုပ်ငန်းအပါအဝင် လုပ်ငန်းများစွာကိုလုပ်ကိုင်၍ အလွန်ဖွံ့ဖြိုးတိုးတက်နေပြီး ပြည်တွင်းတွင် ဘဏ်ခွဲပေါင်း ၁၀၀၀ ကျော်နှင့် ပြည်ပတွင် ဘဏ်ခွဲ ၁၂ ခု ဖွင့်လှစ်နိုင်သည်အထိ အောင်မြင်ခဲ့သည်။

### အမေရိကန်မှ တောင်သူအစုအဖွဲ့

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနတွင် တာဝန်ထမ်းဆောင်စဉ်က အမေရိကန်ပြည်ထောင်စု ဝါရှင်တန်အာလူးကုမ္ပဏီ (Washington Potato Company) မှ ဦးဆောင်ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ လေ့လာရေးလာခဲ့ကြသည်။ အာလူးစိုက်ပျိုးသည့် တောင်သူများသည် အစုအဖွဲ့ဖြင့် လုပ်ဆောင်ကြပြီး အာလူးပညာရှင်များနှင့် စီမံခန့်ခွဲရေးပညာရှင်များကို လစာပေး၍ ခန့်ထားသည်ဟု သိခဲ့ရသည်။ ပညာရှင်များက အာလူးမျိုးများနှင့် အာလူးစိုက်ပျိုးနည်းများကို ရှာဖွေပေးခြင်း၊ အာလူးသုတေသနလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် အာလူးဈေးကွက်များ ရှာဖွေပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်သည်ဟု ပြောပြခဲ့ကြသည်။ အာလူးစိုက်ပျိုးသည့် တောင်သူများအနေဖြင့် စိုက်ပျိုးထုတ်လုပ်ခြင်းကိုသာ အဓိကအာရုံစိုက် လုပ်ဆောင်ကြရသည်။ ယနေ့ခေတ်တွင် အာလူးစိုက်တောင်သူအဖွဲ့က ဖွဲ့စည်းထားသော ၎င်းကုမ္ပဏီသည် အာလူးစိုက်ပျိုးခြင်းကိုသာမက အာလူးတန်ဖိုးမြှင့်ထုတ်ကုန်အမျိုးအစားအစုံအလင်ကိုထုတ်လုပ်ပြီး ပြည်တွင်းသာမက ပြည်ပနိုင်ငံများအထိ တင်ပို့ရောင်းချနေပြီဖြစ်သည်။

### ရန်ကုန်တိုင်းဒေသကြီး တောင်သူအကျိုးပြုအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး တိုင်းတောင်သူအကျိုးပြုအဖွဲ့ကို ကျေးရွာ ၄၀ မှ တောင်သူ ၈၀၀၀ ဖြင့် ၂၀၁၇ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သည်။ လုပ်ဆောင်သောလုပ်ငန်းများမှာ မျိုးသန့်စပါးနှင့် မျိုးသန့်ပဲကို တောင်သူကိုယ်တိုင်စိုက်ပြီး ရောင်းချခြင်း၊ ပဲကို စုပေါင်းရောင်းဝယ်ခြင်း၊ ဓာတ်မြေဩဇာကို စုပေါင်းဝယ်ယူခြင်း၊ စိုက်ပျိုးရေးနည်းပညာ၊ မြေဆီလွှာအကြောင်း၊ သဘာဝမြေဩဇာပြုလုပ်နည်း စသည်တို့ကို သင်ကြားပေးခြင်း၊ တောင်သူများ တိုးတက်ရာတိုးတက်ကြောင်း အသိပညာဗဟုသုတများပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်နေသည်။ အသင်းအဖွဲ့ဝင် တောင်သူများသာမက အခြားစိတ်ပါဝင်စားသော တောင်သူများကိုလည်း သင်တန်းပေးလျက်ရှိသည်။

ယခင်နှစ် ၂၀၂၃ ခုနှစ်မှစတင်ပြီး အသင်းဝင်ကြေး တစ်နှစ်လျှင် တစ်ဦး ငွေကျပ် ၂၀၀၀ နှုန်း သတ်မှတ်ကောက်ခံလျက်ရှိသည်။ ယခင်က အသင်းဝင်တောင်သူများသည် အသင်းအပေါ် စိတ်ဝင်စားမှုအားနည်းခဲ့ပြီး အသင်း၏တာဝန်ရှိသူများက စုပေါင်းဝယ်ယူခြင်း၊ စုပေါင်းရောင်းချခြင်း၊ စိုက်ပျိုးရေးနည်းပညာပေးခြင်း၊ သတင်းအချက်အလက်များပေးခြင်း၊ မျိုးသန့်များထုတ်လုပ်ရောင်းချခြင်းနှင့် ချေးငွေများ ထုတ်ချေးပေးခြင်းတို့ကြောင့် အသင်းအပေါ် ပိုမိုစိတ်ဝင်စားလာခဲ့ကြသည်။

### အစုအဖွဲ့ဖြင့် ဆောင်ရွက်လျှင်

ကျွန်တော်တို့မြန်မာနိုင်ငံတွင် တောင်သူများ အသင်းအဖွဲ့ဖြင့်ဆောင်ရွက်ခြင်းသည် ယခုထက် ပိုမိုများပြားသင့်သည်။ စိုက်ပျိုးရေးဦးစီးဌာနကလည်း တောင်သူလယ်သမားများ မျိုးစေ့ထုတ်ရာတွင် အစုအဖွဲ့ဖြင့်ဆောင်ရွက်ပြီး မျိုးစေ့ထုတ်လုပ်သူအသင်းများ ဖွဲ့စည်းရေးကို အားပေးကူညီလျက်ရှိသည်။ အစုအဖွဲ့သည် အစပိုင်းတွင် သေးငယ်မည်ဖြစ်သော်လည်း အစုအဖွဲ့စည်းကမ်းများ ခိုင်မာခြင်း၊ အစုအဖွဲ့စိတ်ဓာတ်ရှိခြင်း၊ အစုအဖွဲ့လုပ်ငန်းများ ပွင့်လင်းမြင်သာခြင်း၊ အဖွဲ့ဝင်အချင်းချင်း ရိုင်းပင်းကူညီခြင်း စသည်တို့ရှိလျှင် ရေရှည်ကာလတွင် ကြီးမားသောအဖွဲ့အစည်းတစ်ခု ဖြစ်လာနိုင်သည်။

အစုအဖွဲ့ဖြင့်ဆောင်ရွက်လျှင် သွင်းအားစုများ ဝယ်ယူရာတွင် စုပေါင်းဝယ်ယူနိုင်သဖြင့် ဈေးနှုန်းချိုသာနိုင်ခြင်း၊ သီးနှံထွက်ကုန်များကို စုပေါင်းရောင်းချနိုင်သဖြင့် ဈေးပိုမိုရရှိနိုင်ခြင်း၊ စိုက်ပျိုးထုတ်လုပ်ရာတွင်ကြုံတွေ့ရသော ပြဿနာနှင့် အခက်အခဲများကို စုပေါင်းဖြေရှင်းနိုင်ခြင်း၊ လိုအပ်သော အသိပညာ၊ နည်းပညာနှင့် သတင်းအချက်အလက်များကို အချင်းချင်းဖလှယ်နိုင်ခြင်းနှင့် အတူတကွလေ့လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံတစ်ဝန်းမှ တောင်သူလယ်သမားများအနေဖြင့် တိုးတက်စိတ်ကို အမြဲတမ်းမွေးမြူကာ အသင်းအဖွဲ့များဖွဲ့စည်းပြီး စဉ်ဆက်မပြတ် တိုးတက်အောင် ဆောင်ရွက်ကြရန် အကြံပြုအပ်ပါသည်။ သို့မှသာ စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ပြီး စီးပွားရေးကြွယ်ဝချမ်းသာကာ လူနေမှုဘဝ မြင့်မားလာမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# မန်းရွှေစက်တော်ဘုရားကြီးရှိ အောက်စက်တော်ရာ ရင်ပြင်အထက်၌ မန်းချောင်းရေ သုံးပေခန့် ဝင်ရောက်စီးဆင်း

**မင်းဘူး ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ယခုရက်ပိုင်း နေ့စဉ် မိုးအဆက်မပြတ်ရွာသွန်းပြီး တောင်ကျချောင်းရေများ စီးဆင်းဝင်ရောက်မှုကြောင့် မန်းရွှေစက်တော်ဘုရားကြီးရှိ အောက်စက်တော်ရာ ရင်ပြင်အထက်၌ ယနေ့နံနက်ပိုင်းက မန်းချောင်းရေ သုံးပေခန့် ဝင်ရောက်စီးဆင်းလျက်ရှိကြောင်း မန်းရွှေစက်တော်ဘုရား ဂေါပကအဖွဲ့ထံမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်၌ ဇူလိုင် ၃၁ ရက် ညပိုင်းမှ စတင်ကာ နေ့စဉ်မိုးများအဆက်မပြတ် ရွာသွန်းလျက်ရှိကြောင်း၊ မိုးရွာသွန်းမှုများကြောင့် မန်းရွှေစက်တော်ဘုရားကြီးရှိ အောက်စက်တော်ရာ ရင်ပြင်အထက်၌ ဩဂုတ် ၁ ရက် ညနေ ၄ နာရီခန့်မှစတင်ပြီး မန်းချောင်းရေများ ဖြတ်ကျော်စီးဆင်းကာ ညပိုင်းတွင် ရင်ပြင်အထက် ငါးပေခန့်အထိ သိသိသာသာ တိုးမြင့်ရောက်ရှိခဲ့ကြောင်း၊ ယနေ့ ဩဂုတ် ၂ ရက် နံနက်ပိုင်းတွင် မန်းချောင်းရေများ ပြန်လည်ကျဆင်းပြီး အောက်စက်တော်ရာ ရင်ပြင်အထက် သုံးပေခန့်သာ ဆက်လက်ဖြတ်ကျော်စီးဆင်းလျက်ရှိကြောင်း၊ မန်းချောင်းအတွင်း နှစ်စဉ်ရေကြီးမှုဖြစ်ပွားရခြင်းမှာ မန်းရွှေစက်တော်ဘုရား အထက်ပိုင်းရှိဒေသများ၌ နေ့စဉ်မိုးများရွာသွန်းမှုကြောင့် တောင်ကျချောင်းရေများက ပန်းထိမ်းမန်းချောင်းနှင့် ငဖဲမန်းချောင်းအတွင်းသို့ စီးဆင်းဝင်ရောက်ကာ အဆိုပါမန်းချောင်းများမှ တစ်ဆင့် ရွှေစက်တော်မန်းချောင်းအတွင်းသို့ ဆက်လက်ဖြတ်သန်းစီးဆင်းဝင်ရောက်ပြီး ရေကြီးမှုဖြစ်ပွားရခြင်းဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းဋ္ဌေးက ပြောသည်။

မန်းရွှေစက်တော်ဘုရားကြီးတွင် ယခင်နှစ် မေလပိုင်းက မိုခါမုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများ စီးဆင်း၍ ပန်းထိမ်းမန်းချောင်းနှင့် ငဖဲမန်းချောင်းအတွင်း



ရေကြီးရေလျှံခြင်းများဖြစ်ပေါ်ကာ မန်းရွှေစက်တော်ဘုရား အောက်စက်တော်ရာ ရင်ပြင်အထက် ပန်းဆွဲသို့ ရောက်ရန် နှစ်ပေခန့်အထိ မန်းချောင်းရေများ ဖြတ်ကျော်စီးဆင်းကာ ရွှေစက်တော်မန်းချောင်း အောက်ပိုင်းတစ်လျှောက်ရှိ ဒေသများတွင် ရေကြီးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။**မောင်မောင်(မင်းဘူး)**

# ကျိုင်းတုံ – မိုင်းခတ် – မိုင်းယန်းသွားလမ်းပေါ် ရေကျော်မှုဖြစ်ပွား

**မိုင်းခတ် ဩဂုတ် ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်၌ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ကျိုင်းတုံ– မိုင်းခတ် – မိုင်းယန်းလမ်း မိုင်တိုင်အမှတ် 74KM နှင့် 75KM အကြားတွင် ဩဂုတ် ၁ ရက်က နမ့်လွေချောင်း ရေကျော်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် နမ့်လွေချောင်းရေမှ ကျိုင်းတုံ – မိုင်းခတ်– မိုင်းယန်းလမ်း မိုင်တိုင်အမှတ် 74KM နှင့် 75KMအကြား လမ်းအရှည်ပေ ၁၅၀ ခန့်ရှိ လမ်းမပေါ်သို့ ရေတစ်ပေခွဲခန့်နှင့် 74 ဒသမ 5 KM နှင့်75 KM အကြား လမ်းအရှည်ပေ ၃၀၀ ခန့်ရှိ လမ်းမပေါ်သို့ ရေသုံးပေခန့် မြင့်တက်လာရာ ယာဉ်ကြီးများသာ ဖြတ်သန်းသွားလာခွင့်ပြုခဲ့သည်။



အဆိုပါလမ်းမပေါ်သို့ ချောင်းရေတက်မှု အခြေအနေကို စစ်ဗျူဟာအဖွဲ့(အခြေချ) မိုင်းခတ်စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ဇော်အေး ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်စိုး၊ မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်နန်းဖောင်းဖူးနှင့်တာဝန်ရှိသူများက လတ်တလောအခြေအနေတွင် ယာဉ်သွားယာဉ်လာများ အန္တရာယ်ကင်းရှင်းစေရန် လမ်းကြောင်းပြအလံများ စိုက်ထူပြီး ယာဉ်ကြီးများသာ ဖြတ်သန်းသွားလာနိုင်၍ ယာဉ်ငယ်များ ဖြတ်သန်းသွားလာမှုမရှိစေရေး ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နန်းနွယ်နီ(ပြန်/ဆက်)**

# တာချီလိတ်မြို့ပေါ်ရှိ ဗိုလ်ချုပ်လမ်းမကြီးနှင့် ရပ်ကွက်အချို့၌ ရေကြီးရေလျှံမှုဖြစ်ပေါ်

**တာချီလိတ် ဩဂုတ် ၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ ဇူလိုင် ၂၉ ရက်မှ စတင်၍ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မယ်ဆိုင်ချောင်းရေသည် စိုးရိမ်ရေမှတ် ကျော်လွန်ကာ ယမန်နေ့ညမှစ၍ ဗိုလ်ချုပ်လမ်းမကြီးနှင့် ရပ်ကွက်



အချို့တွင် ရေများဝင်ရောက်ကာ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ရေကြီးရေလျှံမှု ဖြစ်ပွားသည့် ဗိုလ်ချုပ်လမ်းမကြီးနှင့် ပုန်းထွန်ရပ်ကွက်၊ တာလော့ရပ်ကွက်၊ မကာဟိုခမ်းရပ်ကွက်၊ မယ်ခေါင်ရပ်ကွက်၊ ဆန်ဆိုင်းရပ်ကွက်များသို့ စစ်ဗျူဟာအဖွဲ့(အခြေချ)တာချီလိတ်မှ ခေတ္တစစ်ဗျူဟာမှူး ဒုဗိုလ်မှူးကြီး သန့်လှိုင်ဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကို၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကာ အရေးပေါ်ကူညီကယ်ဆယ်ရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များကို ကယ်ဆယ်ရေးအဖွဲ့များခွဲ၍ နယ်မြေအလိုက် တာဝန်အသီးသီး ခွဲဝေသတ်မှတ်ပေးပြီး ရေဘေးသင့် ပြည်သူများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ နေအိမ်အတွင်း ပိတ်မိနေသူများအား ကူညီကယ်ထုတ်ပေးခြင်းနှင့် နေစရာအခက်အခဲရှိသူများအား အောင်မြတ်ခန်းမတွင် ကူညီကယ်ဆယ်ရေးစခန်းဖွင့်လှစ်စီစဉ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း (ပြန်/ဆက်)**

# ထန်းတပင်မြို့နယ်၌ စစ်တောင်းမြစ်ရေ တက်မှုကို တာဝန်ရှိသူများ ကြည့်ရှု

**ထန်းတပင်(ပဲခူး) ဩဂုတ် ၂**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ယနေ့နံနက်ပိုင်းမှစတင်၍ စစ်တောင်းမြစ်ရေ မြင့်တက်လာမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါ စစ်တောင်းမြစ်ရေတက်မှုကြောင့် မြစ်ကမ်းပါးပြိုခြင်း၊ လူနေအိမ်နှင့် စိုက်ခင်းများ ရေနစ်မြုပ်မှုမရှိစေရေးနှင့် ရေဝင်ရောက်နိုင်သည့်နေရာများကို ရေဝင်ရောက်မှုမရှိစေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ပေါင်းစပ်ဆောင်ရွက်သွားရန်တို့ကို ပြောကြားခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေလျှံမှုကြောင့် ပြည်သူများ ဘေးလွတ်ရာပြောင်းရွှေ့

**စေတုတ္တရာ ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၌ ဇူလိုင်လတတိယပတ်၊ စတုတ္ထပတ်တို့တွင် မိုးအဆက်မပြတ်ရွာသွန်းလျက်ရှိရာ ဩဂုတ် ၁ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆီမီးချောင်းရေမှ ရေလျှံမှုများဖြစ်ပေါ်ရာ မြို့ပေါ်ရေဝင်ရောက်သည့် အမှတ်(၁) ရပ်ကွက် ဒေသခံပြည်သူ့အချို့မှာ ရေဘေးလွတ်ရာနေရာများသို့ ယမန်နေ့ညနေပိုင်းက ယာယီပြောင်းရွှေ့ကြသည်။

ဆီမီးချောင်းရေလျှံကာ ရေဝင်ရောက်မှုရှိသော အမှတ်(၁)ဝဏ္ဏ၊ သီဟရပ်ကွက် ဒေသခံပြည်သူများမှာ ရေလွတ်ရာ နီးစပ်ရာဆွေမျိုးများထံ ယာယီပြောင်းရွှေ့ကြသည်။

အဆိုပါ ရေဝင်အိမ်အချို့မှ ရေလွတ်ရာသို့ ယာယီပြောင်းရွှေ့ကြရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ကြီးကြပ်မှု၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင် ၂၃ ဦး၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ပြည်သူများ၏ ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း၊ လမ်းမပေါ်ရေဝပ်ရာနေရာတွင် အမှိုက်များ ပိတ်ဆို့မှုမရှိစေရန် ဖယ်ရှားရှင်းလင်းခြင်းနှင့် လိုအပ်သည့်ကူညီမှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဝင်းအိမွန်(ပြန်/ဆက်)**



# မြစ်ရေဝင်ရောက်ခံခဲ့ရသည့် အိမ်ထောင်စုများအား ထောက်ပံ့

**မင်းလှ ဩဂုတ် ၂**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြစ်ရေဝင်ရောက်ခဲ့ရသည့် အိမ်ထောင်စုဝင်များအား ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို သဲကောအုပ်စု တောင်ပို့ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဩဂုတ် ၁ ရက်က ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ ထောက်ပံ့ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးလှဌေးနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းနိုင်တို့က ရေဘေးသင့်ခံခဲ့ရသည့် တောင်ပို့ကြီးကျေးရွာရှိ အိမ်ထောင်စုဝင်များကို အားပေးစကားပြောကြားပြီး အိမ်ထောင်စုဝင် ၇၄ စုကို ခေါက်ဆွဲခြောက်ထုပ် ၈၀၊ ကြက်ဥအလုံး ၅၀၀၊ ရေသန့်တစ်လီတာ ၇၈ ဘူးနှင့် ပေါင်မုန့်ထုပ် ၈၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပေါက်စ(မင်းလှ)**



## ကြံခင်းမြို့တွင် တပ်နှင့်ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သည် ရေဘေးသင့်ဒေသခံပြည်သူများထံမှ စစ်မှုထမ်းထောက်ပံ့ရန် ငွေကောက်ခံနေသည်ဟု သတင်းအမှားများဖြင့် ဝါဒဖြန့်ချိလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ ရေဘေးသင့် ရပ်ကွက်အချို့ရှိ ဒေသခံများထံ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက ဇူလိုင် ၃၁ ရက်တွင် စစ်မှုထမ်းထောက်ပံ့ရန် အကြောင်းပြကာ ငွေကြေးကောက်ခံခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် လုပ်ကြံရေးသားလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ကြံခင်းမြို့ အနိမ့်ပိုင်းရပ်ကွက်အချို့ ရေနစ်မြုပ်မှုဖြစ်ပွားခဲ့ရာ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက သွားရောက်၍ ရေဘေးသင့် အိမ်ထောင်စုများအား ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်နိုင်ရေး လုပ်ဆောင်ပေးခဲ့ပြီး စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း၊ အလှူရှင်များ လာရောက်လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ပစ္စည်းများကိုလည်း မြို့နယ်ပရဟိတအဖွဲ့များနှင့်အတူ ပူးပေါင်း၍ ဝိုင်းဝန်းဝေငှမှုများ ကူညီဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ထိုသို့ဆောင်ရွက်ပေးနေမှုများကို တရားမဝင် ပြည်ဖျက်မီဒီယာများမှ အောက်တန်းကျစွာဖြင့် လုပ်ကြံဖန်တီး ဝါဒဖြန့် ရေးသားခြင်းသာဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**







## လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Unitrust Enterprise Group of Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် AIQAR iCAR 03 နှင့် AIQAR eQ7 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များ၊ Mandalar Min Trading & Transportation Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် ASIASTAR အမျိုးအစား လျှပ်စစ်သုံးခရီးသည်တင်ယာဉ်နှင့် Earth Renewable Energy Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် ZHONG TONG အမျိုးအစား လျှပ်စစ်သုံးခရီးသည်တင်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**စာပေမြင့်မှ လူမျိုးတင့်မည်**

## မောင်တောမြို့ပေါ်ရှိ မွတ်ဆလင်လူငယ်များကို စစ်သင်တန်းတက်ရောက်ရန် ခေါ်ယူခြင်းကြောင့် ရာနှဲချီသည့် မွတ်ဆလင်လူငယ်များ ဘင်္ဂလားဒေ့ရှ်ဘက်သို့ ထွက်ပြေးသွားကြောင်း ဝါဒဖြန့်ဝေနေ

**နေပြည်တော် ဩဂုတ် ၂**

ရခိုင်ပြည်နယ် မောင်တောမြို့ပေါ်ရှိ ရပ်ကွက်တစ်ခုကို လူငယ် ၃၀ စီ စစ်သင်တန်းတက်ရောက်ရန် တပ်မတော်က အဓမ္မတောင်းခံနေသည့်အတွက် မွတ်ဆလင်လူငယ်များ ဘင်္ဂလားဒေ့ရှ်ဘက်သို့ ထွက်ပြေးနေကြောင်း မီဒီယာအမည်ခံ AA အကြမ်းဖက်အဖွဲ့၏ လူမှုကွန်ရက်များတွင် မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း သိရှိရပြီး AA အကြမ်းဖက်သမားများက ရခိုင်ပြည်နယ် မောင်တောမြို့အား တိုက်ခိုက်ရာတွင် စစ်ရေးနှင့်မသက်ဆိုင်သည့် မြို့/ရွာများကို ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများကို ဖမ်းဆီးသတ်ဖြတ်ခြင်း စသည့် အရပ်သားပြည်သူများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့်အတွက် ဒေသခံပြည်သူများက ထိုသို့ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည့် AA အကြမ်းဖက်သမားများကို လက်မခံကြောင်း ဆန့်ကျင်ကန့်ကွက်လျက်ရှိသည်။ ထိုသို့ AA အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် တရားမဝင် ပြည်ဖျက်မီဒီယာများက ဒေသခံပြည်သူများ အထင်အမြင်လွဲမှားလာစေရန် ယခုကဲ့သို့ မဟုတ်မမှန် လုပ်ကြံသတင်းများ ရေးသားပြီး




ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမျိုးသမီးများကို တရုတ်ယောကျ်ားနှင့် လက်ထပ်ရန် ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဩဂုတ် ၂**

အမျိုးသမီးများကို တရုတ်ယောကျ်ားနှင့် လက်ထပ်ရန် ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်နေ ခင်မာလာသိန်း(ခ) နွယ်နီခိုင်(ခ)မခိုင်(ခ) ကရင်မက နေပြည်တော်ကောင်စီ လယ်ဝေးမြို့နယ်နေ မ---၊ ၂၂/၂၀၁၇ နှစ်၊ မ---၊ ၁၇/၂၀၁၇ နှစ်နှင့် မ----၊ ၂၇/၂၀၁၇ နှစ်တို့အား မူဆယ်မြို့တွင် အလုပ်ရမည်ဟု ပြောဆိုစည်းရုံးခေါ်ဆောင်ပြီး တရုတ်ယောကျ်ားနှင့် လက်ထပ်ရန် ရောင်းစားခဲ့သဖြင့် အေလာနယ်မြေရဲစခန်း (ပ) ၃၃၇/၂၀၁၇၊ (ပ)၃၃၈/ ၂၀၁၇၊ (ပ)၃၃၉/၂၀၁၇၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ တို့ဖြင့် အသီးသီး အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။ လယ်ဝေးခရိုင်တရားရုံးမှ ဇူလိုင် ၃၁ ရက်တွင် တရားခံ ခင်မာလာသိန်း (ခ) နွယ်နီခိုင်(ခ)မခိုင်(ခ) ကရင်မအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ တစ်မှုလျှင် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီဖြင့် စုစုပေါင်း နှစ် ၃၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Zaw Win Htet" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် သီရိမင်္ဂလာရပ်ကွက်နေ ဇော်ဝင်းထက်အား နံနက် ၁၁ နာရီတွင်လည်းကောင်း၊ "@edited bysharr" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာနေ အောင်မျိုးသူ(ခ) ဘဲဥအား ည ၈ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆူဒန်နိုင်ငံ လူဦးရေ ထက်ဝက်ကျော် အလွန်အမင်း ငတ်မွတ်ခေါင်းပါးမှုနှင့် ရင်ဆိုင်နေရ

**ဂျီနီဗာ ဩဂုတ် ၂**

ဆူဒန်နိုင်ငံ၏ လူဦးရေထက်ဝက်ကျော်နီးပါးမှာ အလွန်အမင်း ငတ်မွတ်ခေါင်းပါးမှုနှင့် ရင်ဆိုင်နေရသည်ဟု ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူက ဩဂုတ် ၁ ရက်တွင် ပြောသည်။

ဆူဒန်နိုင်ငံ၏ လူဦးရေ ၂၆ သန်းမှာ ယခုအခါ ငတ်မွတ်ခေါင်းပါးမှုနှင့် ရင်ဆိုင်နေရသည်။ လူပေါင်း ၇၅၅၀၀၀ မှာ ငတ်မွတ်ခေါင်းပါးမှု ကပ်ဘေးနှင့် ကြုံတွေ့နေရပြီး ဆာလောင်မှုကြောင့် သေဆုံးရသည့် ဖြစ်ရပ်များပင်ရှိနေပြီဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရှိသူ စတင်ဖိန်းဒူဂျာရစ်က ပြောသည်။ တိုင်းပြည်အတွင်း နေရာ ၁၄ ခုတွင် လာမည့်လအတွင်း ငတ်မွတ်ခေါင်းပါးမှုဘေးနှင့် ရင်ဆိုင်ရတော့မည်ဟု ကြေညာခဲ့သည်။ ဆူဒန်နိုင်ငံသားနှစ်ဦးလျှင် တစ်ဦးမှာ အစားအစာလုံလောက်စွာရရှိရန် ရုန်းကန်နေရသည်ဟု ၎င်းကဆက်ပြောသည်။

ဆူဒန်နိုင်ငံအတွင်း လူပေါင်းများစွာ၏ အသက်ကို ကယ်တင်နိုင်ရန် အရေးပေါ်တုံ့ပြန်ရေးအစီအစဉ်များကို ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ကြိုးပမ်းလျက်ရှိသည်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သည် ၎င်းတို့အဖွဲ့အစည်း၏ လုပ်ကိုင်မှုများ၌ ငတ်မွတ်ခေါင်းပါးမှုဘေးရပ်တန့်ရန် ကြိုးပမ်းရာတွင် အချိန်လု၍ ဆောင်ရွက်နေရကြောင်း သတိပေးခဲ့သည်။ ငတ်မွတ်ခေါင်းပါးမှုဘေးကို ရှောင်ရှားရန် ရန်ပုံငွေများ တိုးမြှင့်ရန် အရေးပေါ်လိုအပ်လျက်ရှိကြောင်း ၎င်းက မီးမောင်းထိုးပြခဲ့သည်။

၂၀၂၃ ခုနှစ် ဧပြီလမှစတင်ဖြစ်ပွားခဲ့သည့် စစ်ပွဲမရပ်တန့်နိုင်ပါက ဆူဒန်ပြည်သူများသည် ငတ်မွတ်ခေါင်းပါးမှုကပ်ဘေးအဆင့်သို့ ရောက်ရှိသွားတော့မည်ဟု ကုလသမဂ္ဂနှင့် ၎င်းတို့၏မိတ်ဖက်အဖွဲ့အစည်းများက သတိပေးခဲ့သည်။ **ဆင်ဟွာ**



ဆူဒန်နိုင်ငံတွင် နေရပ်စွန့်ခွာလာသူများအတွက် အစားအစာဖြန့်ဝေရန် ပြင်ဆင်ထားသည်ကို တွေ့ရစဉ်။

# ဖိလစ်ပိုင်နိုင်ငံ မနီလာ၌ အဆောက်အအုံမီးလောင်မှုဖြစ်ပွား၊ ၁၁ ဦးသေဆုံး

**မနီလာ ဩဂုတ် ၂**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ငါးထပ်ပါ စီးပွားရေးဆိုင်ရာ လူနေအဆောက်အအုံတစ်ခု ဩဂုတ် ၁ ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားရာ ၁၁ ဦးထက်မနည်း သေဆုံးကြောင်း အာဏာပိုင်များက ပြောကြားသည်။

ယင်းနေ့ ဒေသစံတော်ချိန် နံနက် ၇ နာရီ မိနစ် ၃၀ မတိုင်မီ မီးလောင်မှုကြောင့်အဆောက်အအုံအတွင်း ပိတ်မိခဲ့ပြီး ၁၁ ဦးသေဆုံးခဲ့ကြောင်း မီးဘေးကာကွယ်ရေးဌာနက ပြောကြားသည်။ မီးသတ်သမားများက နှစ်နာရီကြာ မီးငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။



မီးသတ်သမားများက မီးငြိမ်းသတ်နေသည်ကို တွေ့ရစဉ်။

မီးလောင်မှုကြောင့် အဆောက်အအုံပိုင်ရှင်၏ဇနီး သေဆုံးခဲ့ပြီး ၎င်း၏ ရုပ်အလောင်းကို တတိယထပ်တွင် တွေ့ရှိခဲ့ကြောင်း သိရသည်။ ပထမထပ်ရှိ ကင်န်တင်း၌ ဓာတ်ငွေ့ကန် ပေါက်ကွဲမှုကြောင့် မီးလောင်မှု ဖြစ်ပွားခြင်းဖြစ်ကြောင်း အဆောက်အအုံလုံခြုံရေးဝန်ထမ်းက ဆိုသည်။ မီးဘေး ကာကွယ်ရေးဌာနက မီးလောင်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေသော်လည်း မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို အတည်မပြုနိုင်သေးပေ။ **ဆင်ဟွာ**

# ဩဂုတ် ၈ ရက်မတိုင်မီအထိ အဲအိန္ဒိယမှ လေယာဉ်များ အစ္စရေးသို့ပြေးဆွဲမှု ရပ်နားထားမည်

**နယူးဒေလီ ဩဂုတ် ၂**

အဲအိန္ဒိယလေကြောင်းလိုင်းသည် ဩဂုတ် ၈ ရက်မတိုင်မီအထိ အစ္စရေးနိုင်ငံ တဲလ်အဗီးမြို့သို့ ပြေးဆွဲပျံသန်းမှုများကို ရပ်နားထားမည်ဟု ကြေညာခဲ့သည်။ အရှေ့အလယ်ပိုင်းဒေသ၌ တင်းမာမှုများ အရှိန်မြှင့်နေသည့်ကာလတွင်ယခုကဲ့သို့ ကြေညာချက်ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

အရှေ့အလယ်ပိုင်းဒေသတွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို ကြည့်၍ တဲလ်အဗီးမြို့သို့ ပြေးဆွဲပျံသန်းမှုများကို ဩဂုတ် ၈ ရက်မတိုင်မီအထိ ရပ်နားထားမည်ဟု အဲအိန္ဒိယလေကြောင်းလိုင်းက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ယခုကာလအတွင်း အခြေအနေများကို စဉ်ဆက်မပြတ်စောင့်ကြည့်နေပြီး တဲလ်အဗီးမြို့သို့ သွားလာရန် လေယာဉ်လက်မှတ်ကြိုတင်ဝယ်ယူထားသည့် ခရီးသည်များအတွက် အဆင်ပြေအောင် ကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး ခရီးစဉ်ပြန်လည်စီစဉ်ခြင်းနှင့် ပယ်ဖျက်ခြင်းတို့အတွက် တစ်ကြိမ်သက်သာလျှော့ပေါ့ခွင့်ပေးမည်ဟု ကြေညာခဲ့သည်။ ဩဂုတ် ၁ ရက်ညနေပိုင်းမှစတင်၍ အဲအိန္ဒိယလေကြောင်းလိုင်းသည် နယူးဒေလီမြို့နှင့် တဲလ်အဗီးမြို့သို့ ပြေးဆွဲပျံသန်းမှုကို ဖျက်သိမ်းခဲ့သည်။




မကြာသေးမီရက်ပိုင်းအတွင်း အရှေ့အလယ်ပိုင်းဒေသတွင် တင်းမာမှုများ အရှိန်ကောင်းလာပြီးနောက် ယခုကဲ့သို့ ခရီးစဉ်များ ဆိုင်းငံ့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ယခုသီတင်းပတ်အစောပိုင်းတွင် အိန္ဒိယအစိုးရက လက်ဘနွန်နိုင်ငံသို့ ရောက်ရှိနေသည့် အိန္ဒိယနိုင်ငံသားများ သတိထားကြရန်နှင့်ဘေရွတ်ရှိ အိန္ဒိယသံရုံးနှင့် အဆက်အသွယ်မပြတ်ရှိကြရန် အကြံပြုချက်ထုတ်ပြန်ခဲ့သည်။ **ဆင်ဟွာ**

# အိုင်အက်စ်အဖွဲ့ဝင်များဟု သံသယရှိသူ ၉၉ ဦးကို တူကီယဲရဲတပ်ဖွဲ့ ဖမ်းဆီးထိန်းသိမ်း

**အင်ကာရာ ဩဂုတ် ၂**

တူကီယဲရဲတပ်ဖွဲ့သည် လွန်ခဲ့သည့်သုံးရက်အတွင်း ပြည်နယ် ၂၆ ခု၌ စစ်ဆင်ရေးများ ပြုလုပ်ရာ အစ္စလာမ္မစ်စစ်သွေးကြွ(အိုင်အက်စ်) အဖွဲ့ဝင်များဟု သံသယရှိသူ ၉၉ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ဩဂုတ် ၂ ရက်တွင် နိုင်ငံ၏ပြည်ထဲရေးဝန်ကြီး အလီယာလီကာရာက လူမှုကွန်ရက်မီဒီယာ X တွင် ပြောကြားသည်။

တူကီယဲရဲတပ်ဖွဲ့သည် ၂၀၁၃ ခုနှစ်က အိုင်အက်စ်အဖွဲ့ကို တရားမဝင်အဖွဲ့အစည်းအဖြစ် သတ်မှတ်ခဲ့ပြီး နိုင်ငံတစ်ဝန်း အိုင်အက်စ်အဖွဲ့ဝင်များကို ဆန့်ကျင်သည့် အကြမ်းဖက်မှုတုံ့ပြန်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်းသိရသည်။ **ဆင်ဟွာ**

# ယခင်နှစ်အတွင်း အာဖဂန်အစိုးရက ဖွံ့ဖြိုးရေးစီမံကိန်း ၂၁၉၄ ခု အကောင်အထည်ဖော် ဆောင်ရွက်

**ကဘူးလ် ဩဂုတ် ၂**

အာဖဂန်နစ္စတန်နိုင်ငံ၏ စီးပွားရေးဝန်ကြီးဌာနသည် ပြီးခဲ့သည့်နှစ်က နိုင်ငံတစ်ဝန်းဖွံ့ဖြိုးရေးစီမံကိန်း ၂၁၉၄ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ အက်ဒယ်ရာ့မန်ဟာဘက်က ပြောကြားသည်။

အဆိုပါစီမံကိန်းများကို ကျန်းမာရေး၊ စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေးနှင့် စွမ်းအင်ကဏ္ဍများတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လူပေါင်းသုံးသိန်းကျော်ကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခဲ့သည်ဟု ဩဂုတ် ၁ ရက်က ကျင်းပသည့် အစိုးရအဖွဲ့ အစည်းအဝေးတွင် ၎င်းကပြောကြားသည်။

ယခုနှစ်တွင်လည်း နောက်ထပ်ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိပြီး အာဖဂန်နိုင်ငံတစ်ဝန်း အမေရိကန် ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ အများပြည်သူအသုံးပြုနိုင်သည့် စီမံကိန်း ၁၃၃၈ ခု ခန့်ကိုလည်း လုပ်ဆောင်နေဆဲဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၂၁ ခုနှစ် ဩဂုတ်လအတွင်း အာဏာပြန်လည်ရယူသည့်အချိန်မှစကာ အာဖဂန်အိမ်စောင့်အစိုးရသည် လေဆိပ်များ၊ ရေမြောင်းများ၊ အဝေးပြေးလမ်းမကြီး၊ လမ်းများနှင့် ဆိုလာစွမ်းအင်စနစ်များ ပြန်လည်တည်ဆောက်ခြင်းအပါအဝင် ဖွံ့ဖြိုးရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာစီမံကိန်းများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဟားမားစ်နိုင်ငံရေးခေါင်းဆောင် သေဆုံးခြင်းမှာ ပေါက်ကွဲမှုကြောင့်ဟု အမေရိကန်မီဒီယာတွင် ဖော်ပြ

**ဝါရှင်တန် ဩဂုတ် ၂**

ဟားမားစ် ထိပ်တန်းနိုင်ငံရေးခေါင်းဆောင် အစ္စမေးလ်ဟာနီယေးသည် ၎င်းတည်းခိုရာအခန်းအတွင်းတပ်ဆင်ထားသည့် ဖောက်ခွဲရေးပစ္စည်းကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်မီဒီယာများက ဖော်ပြ ကြသည်။

အဆိုပါဖော်ပြချက်မှာ အစ္စရေးတို့၏ ဒုံးကျည်တိုက်ခိုက်မှုကြောင့် သေဆုံးသွားကြောင်း အစောပိုင်းထုတ်ပြန်ချက်နှင့် ဆန့်ကျင်လျက်ရှိသည်။ တီဟီရန်ရှိ တည်းခိုရိပ်သာ၌ ယင်းဖောက်ခွဲရေးပစ္စည်းကို မှောင်ခိုသွင်းကာ တပ်ဆင်ထားခြင်းဖြစ်သည်ဟု အရှေ့အလယ်ပိုင်းနှင့် အမေရိကန်အာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကားကာ နယူးယောက်တိုင်းမ်တွင် ဩဂုတ် ၁ ရက်က ဖော်ပြခဲ့သည်။

အဆိုပါဗုံးကို လွန်ခဲ့သည့် နှစ်လခန့်ကတည်းက လျှို့ဝှက်စွာ တပ်ဆင်ထားခြင်းဖြစ်ပြီး ဟာနီယေးသည် တီဟီရန်သို့ လာရောက်တိုင်း အဆိုပါဧည့်ရိပ်သာတွင် မကြာခဏတည်းခိုလေ့ရှိသည်။ အစ္စမေးလ်ဟာနီယေးအသတ်ခံရမှုနှင့် ပတ်သက်ပြီး အစ္စရေးဘက်မှ လူသိရှင်ကြား ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း အမေရိကန်နှင့် အနောက်နိုင်ငံမှအစိုးရများထံ ၎င်းတို့စစ်ဆင်ရေး၏ အသေးစိတ်အချက်အလက်များကို အစ္စရေးထောက်လှမ်းရေး အေဂျင်စီအရာရှိများက အကျဉ်းချုံး ရှင်းလင်းပြောကြားခဲ့သည်ဟု နယူးယောက်တိုင်းမ်တွင် ဖော်ပြထားသည်။ **အင်န်အိတ်ချ်ကေ**

# Diploma in International Financial Reporting Standards Batch-1, Level-II သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂**

မြန်မာနိုင်ငံ စာရင်းကောင်စီက ကြီးမှူး၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်တွင် ဖွင့်လှစ်သည့် နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းစံများဆိုင်ရာ ဒီပလိုမာသင်တန်း (Diploma in International Financial Reporting Standards– Dip IFRS) အမှတ်စဉ် (၁)၊ အပိုင်း(၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက မြန်မာနိုင်ငံ စာရင်းကောင်စီအနေဖြင့် အများပြည်သူအကျိုးစီးပွားနှင့် သက်ဆိုင်သည့် လုပ်ငန်း၊ အဖွဲ့အစည်းများနှင့် နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ၏ ဘဏ္ဍာရေးအစီရင်ခံခြင်းကို နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာ စံများနှင့်အညီ လိုက်နာရေးဆွဲ ထုတ်ပြန်ရာတွင် လည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းများအား စာရင်းစံဆိုင်ရာ အသိပညာ ဗဟုသုတများဖြင့် အကြံပြုချက်များ ပေးရာတွင်လည်းကောင်း၊ အစိုးရက ပိုင်ဆိုင်သော အစုရှယ်ယာများပါဝင်သော ကုမ္ပဏီများ၏ဘဏ္ဍာရေးရှင်းတမ်းများအား စစ်ဆေးရာတွင် စာရင်းစံများနှင့်အညီ ဖြစ်စေရေး စိစစ်ကြီးကြပ်ရာတွင် လည်းကောင်း၊ စာရင်းပညာကျွမ်းကျင်သူ နိုင်ငံ့ဝန်ထမ်းများ တိုးပွားလာစေရန်နှင့် စာရင်းပညာ ပြန့်ပွားစေရန် ရည်ရွယ်၍ ဤသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း။



သို့ပါ၍ သင်တန်းသားများအနေဖြင့် ယခုသင်တန်းမှ ပို့ချသည့် သင်ခန်းစာများကို မိမိတို့ဌာန၏ လုပ်ငန်းခွင်တွင် လက်တွေ့ပြန်လည် အသုံးချနိုင်ရန်နှင့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးအစီရင်ခံမှုစနစ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သေချာစွာ ကြိုးစားသင်ယူမှတ်သားလေ့လာကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်သင်တန်းကျောင်းတာဝန်ခံက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် IFRS ခေါင်းစဉ် ၁၀ ခု ပို့ချမည်ဖြစ်ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ သင်တန်းသား ၁၉ ဦး၊ အခြားဝန်ကြီးဌာနများမှ သင်တန်းသား ၄၄ ဦး၊ စုစုပေါင်း ၆၃ ဦးကို ဩဂုတ် ၁ ရက်မှ နိုဝင်ဘာ ၂၉ ရက်အထိ သင်တန်းကာလ (၄) လကြာ ဖွင့်လှစ်မည်ဖြစ်ပြီး အပိုင်း (၂) သင်တန်းအောင်မြင်သူများ အနေဖြင့် အပိုင်း(၃) သင်တန်းသို့ ဆက်လက် တက်ရောက်နိုင်မည်ဖြစ်ကာ အပိုင်း(၃)သင်တန်းအထိ အောင်မြင်ပြီးမြောက်သူများကို ဒီပလိုမာဘွဲ့ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြပြီး မြန်မာနိုင်ငံစာရင်းကောင်စီမှ တာဝန်ရှိသူများက Online ဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆင်ပေါင်ဝဲမြို့နယ်၌ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှား

**ဆင်ပေါင်ဝဲ ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့ပူးပေါင်း၍ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု



အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီ ဦးဆောင်၍ ကျန်းမာရေး ဝန်ထမ်းများက ကိုယ်ဝန်ဆောင် မိခင်လောင်းများအနေဖြင့် ကိုယ်ဝန်ဆောင်ချိန်မှစ၍ အာဟာရရှိသော အစားအစာများကို ရွေးချယ်စားသုံးသင့်ကြောင်း၊ မိခင်နို့ စနစ်တကျ တိုက်ကျွေးရေး သရုပ်ဖော်ပညာပေးခြင်း၊ အာဟာရသုံးအုပ်စု ညီညွတ်မျှတစွာစားသုံးရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ယင်းနောက် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား ကြက်ဥ၊ အိုင်အိုဒင်းဆား၊ ဗီတာမင်၊ ပဲနှင့် ဆေးဝါးများ အခမဲ့ထောက်ပံ့ပေးခြင်းနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## မကွေးတိုင်းဒေသကြီးအတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား ရှောင်တခင်စစ်ဆေး

**မကွေး ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးမှ တာဝန်ရှိသူများသည် ဇွန်လမှစတင်၍ လစဉ်မကွေးမြို့ပေါ်နှင့် ကျန်မြို့နယ်များရှိ လိုင်စင်ရစက်သုံးဆီအရောင်းဆိုင်များသို့ ရှောင်တခင် ဝင်ရောက်စစ်ဆေးလျက်ရှိသည်။

ထိုသို့ စစ်ဆေးရာတွင် ဇူလိုင်လနောက်ဆုံးပတ်က ချောက်မြို့နယ်နှင့် မင်းဘူးမြို့နယ်များရှိ လိုင်စင်ရစက်သုံးဆီအရောင်းဆိုင် ရှစ်ဆိုင်သို့သွားရောက်၍ စက်သုံးဆီပြတ်လပ်မှုမရှိစေရေး၊ စက်သုံးဆီဈေးနှုန်းမှန်ကန်စွာ ရောင်းချမှု ရှိ မရှိ၊ အကန့်အသတ်ဖြင့်ရောင်းချမှု ရှိ မရှိ၊ ခြင်တွယ်မှန်ကန်မှု ရှိ မရှိနှင့် စက်သုံးဆီသိုလှောင်ထားရှိမှုအခြေအနေများကို လိုက်လံစစ်ဆေးကြောင်း သိရသည်။ **အောင်ကို(ဖန်ခါးမြေ)**



◆ *ကျောက်ဖြူမှ*

တိုက်ပွဲများ ဖော်ဆောင်ခြင်း၊ Drop Bomb များ ကြဲချတိုက်ခိုက်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်နေသည်ကို ပြည်သူလူထုအသိပင်ဖြစ်သည်။

ယနေ့နံနက် ၄ နာရီ ၁၅ မိနစ်ခန့်တွင် အများပြည်သူ အားထားအသုံးပြုလျက်ရှိသည့် မွန်ပြည်နယ် သထုံမြို့နယ် ရန်ကုန်–မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ မိုင်တိုင်အမှတ်၊ ၁၃၄/၄ နှင့် ၁၃၄/၅ ကြား၊ အရှည် ၁၀ ပေ၊ အကျယ် ပေ ၄၀၊ ခံနိုင်ဝန်တန် ၆၀ ရှိ သံကူကွန်ကရစ်အမျိုးအစား တံတားအမှတ် (၃/၁၃၆)အား KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တံတားမှာ ၁၀၀ ရာခိုင်နှုန်း ပြိုကျပျက်စီးသွားခဲ့ပြီး ယာဉ်ကြီး/ ယာဉ်ငယ်များ ဖြတ်သန်းသွားလာမှု ရပ်တန့်ခဲ့ရကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့ရသည့် တံတားအား သက်ဆိုင်ရာ လမ်း/တံတား ဦးစီးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက အများပြည်သူများ ဖြတ်သန်းသွားလာနိုင်ရေးအတွက် ယာယီတံတားကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ရာ နံနက် ၉ နာရီမှစ၍ ယာဉ်များအားလုံး ပုံမှန်အတိုင်း ဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။

အကြမ်းဖက်သမားများ အနေဖြင့် အများပြည်သူသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုကို ထိခိုက်စေရန်၊ အထိတ်တလန့်ဖြစ်ပြီး ကြောက်ရွံ့လာစေရန်နှင့် ဒေသအတွင်း တည်ငြိမ်မှုပျက်ပြားစေရန်ရည်ရွယ်၍ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်းတံတားများအား ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းသည် စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်သည်။

အကြမ်းဖက်သမားများသည် ၂၀၂၄ ခုနှစ်အတွင်း ရန်ကုန်–မော်လမြိုင်သွား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲမှု ၆ ကြိမ်အထိ ပြုလုပ်ခဲ့ပြီး ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် လမ်းတံတားများအား လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခြင်း မရှိစေရေး တာဝန်ရှိသူများက ပြန်လည် ပြင်ဆင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ပြည်သူလူထု၏သွားလာမှုနှင့် ကုန်စည်စီးဆင်းမှုများကို ထိခိုက်အောင် လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter–Terrorism Operation) ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပျက်ဆီးခဲ့သည့် တံတားအား ပုံမှန်အတိုင်းပြန်လည်အသုံးပြုနိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မော်လမြိုင်ကျွန်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**မော်လမြိုင်ကျွန်း ဩဂုတ် ၂**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ပန်းခင်းစီမံချက် (၃) ဖြင့် အိမ်ထောင်စု လူဦးရေစာရင်း ပုံစံ(၆၆) နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ဩဂုတ် ၂ ရက်တွင် အမှတ်(၉) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ကွင်းဆင်းဆောင်ရွက်ပေးသည်။

မြို့နယ်လဝကရုံးမှ ဦးစီးအရာရှိ ဦးစောဝဏ္ဏ ကြီးကြပ်မှုဖြင့် တိုက်နယ်မှူးနှင့် ဝန်ထမ်းများကမြေပြင်အရောက် ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသော အသက် ၁၀ နှစ် ပြည့်ပြီးသူနှင့် အသက် ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသူများအား ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်နံပါတ်များ ဖြည့်သွင်းခြင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆) စစ်ဆေးခြင်းလုပ်ငန်းများကို နေ့ချင်းပြီး (အခမဲ့) ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

✻ *ကျောက်ဖြူမှ*

ဟံသာဝတီအသင်းက ပထမပိုင်းသွင်းဂိုးဖြင့် အနိုင်ရကာ ဇယား ထိပ်ပိုင်းမှ အသင်းများကို ဖိအားပေးနိုင်ခဲ့သည်။ ဟံသာဝတီအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ၂၁ မိနစ်တွင် သန်းတိုးအောင်က သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် ဟံသာဝတီအသင်းက ရမှတ် ၁၃ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ကိုးမှတ်ရရှိထားသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက မြဝတီအသင်းကို နှစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို ၁၈ မိနစ်တွင် ဝင်းပြည့်မောင်နှင့် ၈၁ မိနစ်တွင် နိုင်နိုင်ကျော်တို့က သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ကိုးမှတ်၊ မြဝတီအသင်းက လေးမှတ်ရရှိထားသည်။

ပွဲစဉ် (၅)ဒုတိယနေ့အဖြစ် ဩဂုတ် ၃ ရက် **(ယနေ့)** တွင် သုဝဏ္ဏကွင်း၌ ရတနာပုံအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်**



(၂၃) ကြိမ်မြောက် ဝါတွင်းကာလ သံဃာ့ဒါန ဆွမ်း၊ ဆွမ်းဟင်း၊ ဘောဇဉ်၊ ဝတ္ထုငွေတို့ကို တပ်ကုန်းမြို့ပေါ်ရှိ ကျောင်းတိုက် ၃၅ ကျောင်းမှ သံဃာ ၅၆၄ ပါးတို့အား မြို့ပေါ် ခြောက်ရပ်ကွက်မှ နေ့စဉ်လောင်းလှူလျက်ရှိရာ ဩဂုတ် ၁ ရက်က ဈေးပိတ်နေ့တိုင်း အလှည့်ကျ အောင်ဇေယျရပ်ကွက်မှ အလှူရှင် ဦးမောင်မောင်ကြီး - ဒေါ်ခင်သန်းနု (ပြည်သာနိုင်ကုမ္ပဏီလီမိတက်) မိသားစု၊ ဦးကိုကို-ဒေါ်ကျော့ကျော့ (နဂါးမင်းဆေးလိပ်ခုံ) မိသားစုနှင့် ဦးဘချိုလမ်းဘေးဝဲယာ ပြည်သူများက ဆက်ကပ်လောင်းလှူကြစဉ်။ တင့်ဇော်ထွန်း

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ နောက် နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

**မိုး/ဇလ**

## မြန်မာနိုင်ငံ စာရေးဆရာအသင်း တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အကြိုညှိနှိုင်း

**ရန်ကုန် ဩဂုတ် ၂**

မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့်ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်စာရေးဆရာအသင်းများမှ ဗဟိုဦးစီးအဖွဲ့ဝင် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌက ကြိုဆိုအမှာစကားပြောကြားပြီး အသင်းအတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)က ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အကြိုညှိနှိုင်းရှင်းလင်းသည်။

ဆက်လက်ပြီးတတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးသို့ အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တာချီလိတ်မြို့နယ်စာရေးဆရာအသင်းက ငွေကျပ်သုံးသိန်း၊ တောင်ဥက္ကလာပမြို့နယ်စာရေးဆရာအသင်းက ငွေကျပ်နှစ်သိန်း၊ ဦးလှဆန်း (လှဆန်း-စိုက်ပညာရှင်)၊ စာရေးဆရာမ မီမီကို(အလှရပ်ဝန်း)၊ ဘားအံမြို့နယ်စာရေးဆရာအသင်း၊ ပြည်မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာယဉ်ဝေလွင်(ပြည်)၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်စာရေးဆရာအသင်း၊ မှော်ဘီမြို့နယ်စာရေးဆရာအသင်းနှင့် ရန်ကင်းမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ။

ဦးညွန့်ဝင်း(ညွန့်ဝင်း-နတ်တလင်း)က ငွေကျပ်ခုနစ်သောင်း၊ ဒေါ်ခင်တင့်ဝေ (ခင်တင့်ဝေ-မြို့တော်စည်ပင်)၊ ကျောက်တံတားမြို့နယ် စာရေးဆရာအသင်း၊ မိတ္ထီလာမြို့နယ် စာရေးဆရာအသင်း၊ ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ မရည်မွန်(ကျုံပျော်)၊ စာရေးဆရာမ ပျိုပျို(ယောဂ)၊ သာကေတမြို့နယ် စာရေးဆရာအသင်း၊ မိုးညှင်းမြို့နယ် စာရေးဆရာအသင်းနှင့် ချမ်းမြသာစည်မြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသောင်းစီအပါအဝင် အခြားအလှူရှင်များက အလှူငွေများ လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## စစ်တောင်းမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်၊ ငဝန်မြစ် ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ **စစ်တောင်းမြစ်**ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ငါးပေခန့် (၁၅၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ရွှေကျင်မြစ်**ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၉၇ ပေ (၇၀၀ စင်တီမီတာ) အထက်သို့ တစ်ပေခွဲကျော်ခန့် (၄၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ပဲခူးမြစ်**ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၈၇ ပေ (၈၈၀ စင်တီမီတာ)အထက်သို့ နှစ်ပေခွဲခန့် (၇၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ်**ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ လေးပေခွဲခန့် (၁၃၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ငဝန်မြစ်**ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၂၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ငဝန်မြစ်**ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၀ ဒသမ ၃၄ ပေ (၆၂၀ စင်တီမီတာ) အထက်သို့ တစ်ပေခွဲခန့် (၄၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ငဝန်မြစ်**ရေသည် ပုသိမ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁ ဒသမ ၄၈ ပေ (၃၅၀ စင်တီမီတာ) အထက်သို့ ပေဝက်ကျော်ခန့် (၂၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်၊ ပဲခူးမြို့နယ်၊ ဘားအံမြို့နယ်၊ သာပေါင်းမြို့နယ်၊ ပုသိမ်မြို့နယ်၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## စခန်းသစ်ကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁၅၉၄) ဧကရှိသော နယ်မြေကို **“စခန်းသစ်ကျွန်း ဒီရေတောကြိုးပြင်ကာကွယ်တော”** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၆၅/၂၀၂၄) အရ ၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၄) ရက် (၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်/လေမုန်တိုင်းဒဏ် ခံစားရမှုများအား သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ကမ်းရိုးတန်းဒေသ ရေရှည်တည်တံ့ရေးကိုအထောက်အကူပြုနိုင်ရန်၊ ဒေသခံပြည်သူများအတွက် ငါး၊ ကဏန်း၊ ပုစွန်စသော ရေသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်၊ ကုန်းတွင်းပိုင်းသို့ ဆားငန်ရေဝင်ရောက်မှုများမှ တားဆီးကာကွယ်နိုင်ရန်နှင့် ဒီရေတောဂေဟစနစ်စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ဒီရေတော ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

စခန်းသစ်ကျွန်းဒီရေတော ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် ဒီရေတောသစ်မျိုးများဖြစ်သည့် ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ ငှက်ကနစို၊ သမဲ့ကြီး၊ သမဲ့ကျက်တက်၊ လမု၊ လဘာ၊ ပင်လယ်အုန်း၊ ကျန၊ ဘူးဇရပ်၊ သမဲ့ဖြူနှင့် ဓနိပင်စသည်တို့အား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ခရုစုတ်ငှက်၊ ဗျိုင်းငှက်၊ စွန်ခေါင်းဖြူ၊ မျောက်၊ တောဘဲ၊ တင်ကျီးငှက် စသည့်ငှက်မျိုးများ၏ နေရင်းဒေသကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ငါး၊ ကဏန်း၊ ပုစွန်များ ရှင်သန်ပေါက်ဖွားရာ ဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုနိုင်ခြင်း၊ ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက် အရေးပါသည့် ဂေဟစနစ်တစ်ခုဖြစ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။



**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# ကောင်းကျိုးအဖြာဖြာ ချည်မျှင်ရှည်ဝါ

*နွေကုံကော်(မြို့လှ)*







လူဟူ၍ဖြစ်လာသည်နှင့် မလွဲမသွေ ရင်ဆိုင်ရမည့်အရာ ၃ မျိုးရှိနေသည်ကို ကျွန်ုပ်တို့အားလုံး သိရှိပြီးဖြစ်၏။ စားရေး၊ ဝတ်ရေး၊ နေရေး ဟူသော ပြဿနာကြီးသုံးရပ်သည် လူသားတို့နှင့် နိစ္စဓူဝ ကြုံတွေ့နေရသည့် အရာများပင် ဖြစ်သည်။ စားသောက်ရေးနှင့် ပတ်သက်၍ **"စားစရာမရှိ လျှော်စရာရှိ"** ၊ နေထိုင်ရေးအခက်အခဲနှင့်ပတ်သက်၍ **"သေရေးထက် နေရေးခက်"** ဟူသည့် စကားတို့သည် အမှန်တကယ်ချို့တဲ့သူများအတွက် ခက်ခဲသော ပြဿနာပင်ဖြစ်သည်။ အဝတ်အထည် ဝတ်ဆင်ရေးနှင့် ပတ်သက်၍လည်း **"တောင်းမှာအကွပ် လူမှာအဝတ်"** စသည့် စကားများက မှတ်သားထိုက်ဖွယ် ကောင်းလှသည်။ စားဝတ်နေရေး ပြဿနာသုံးရပ်သည် လူတစ်ဦး၊ မိသားစုတစ်စု၊ နိုင်ငံတစ်နိုင်ငံ တည်းသာ ကြုံတွေ့နေရသည့် ပြဿနာများမဟုတ်ပေ။ အချို့သောနိုင်ငံများ နေရေးအတွက် ခက်ခဲနေကြသည်။ စားရေးအတွက် ခက်ခဲနေကြသည်။ ဝတ်ရေးအတွက်လည်း ချို့တဲ့နေကြသည်ကို တွေ့ရှိရသည်။ မိမိတို့နိုင်ငံသည် အလေ့ကျပေါက်ရောက်သော သီးပင်စားပင်များမှအစ စနစ်တကျစိုက်ပျိုးလျှင် ပို၍အောင်မြင်ဖြစ်ထွန်းသော သီးနှံပင်များစွာ ပေါက်ရောက်သဖြင့် အခြားသော နိုင်ငံများထက် များစွာ ကံကောင်းသည်ဟု ဆိုရပေမည်။

ကျွန်ုပ်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် သဘာဝတရား၏ မျက်နှာသာပေးချက်အရ ကမ္ဘာ့ပထဝီမြေမျက်နှာသွင်ပြင်ကောင်းကို ပိုင်ဆိုင်ထားသည်။ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသည်။ ထွန်ယက်စိုက်ပျိုးနိုင်သော မြေဆီမြေလွှာများရှိသည်။ လူဦးရေအချိုးနှင့် မျှတစွာ နေထိုင်နိုင်သည့် မြေဧရိယာအကျယ်အဝန်းရှိသည်။ ဆိုရလျှင် မြန်မာနိုင်ငံသည် စားဝတ်နေရေးတို့အတွက် နောင်ရေးစိတ်ချရသော နိုင်ငံတစ်ခုပင်ဖြစ်ပေသည်။ အဝတ်အထည်အတွက် အဓိကကုန်ကြမ်းသည် "ဝါ" ဖြစ်၏။ သို့သော်ငြား ဝါကုန်ကြမ်းကို ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ရန် လိုအပ်ချက်များ ရှိနေဆဲဖြစ်သည်။ ဝါသီးနှံစိုက်ပျိုးခြင်းနှင့် ပတ်သက်၍ ၇-၃-၂၀၁၄ ရက်တွင် ပြုလုပ်သည့် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းဆွေးနွေးပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားခဲ့ရာတွင် **"မိမိတို့နိုင်ငံတွင် ဝါများစိုက်ပျိုးထွက်ရှိသော်လည်း ဝါဂွမ်းကိုစနစ်တကျဖြင့် ထုတ်လုပ်နိုင်ခြင်းမရှိသေးကြောင်း၊ လက်ရှိဝါစိုက်ဧက ၅ သိန်း၌ ၁ ဧကလျှင် ပိဿာချိန် ၇၀၀ ခန့် ထွက်ရှိမည်ဆိုပါက လူဦးရေသန်း ၅၀ တွင် တစ်ဦးလျှင် ချည်ပိတ်ကိုက် ၃၀ ခန့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ လက်ရှိထွက်နေသည့် ဝါကုန်ကြမ်းများကို ချည်ချောများ ထုတ်လုပ်နိုင်မည်ဆိုပါက ပြင်ပမှ ချည်ထည်များ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အဆင့်မီသည့် ချည်ထည်များကို ထုတ်လုပ်နိုင်ခြင်းဖြင့် မိမိတို့နိုင်ငံအတွင်း အထည်ချုပ်လုပ်ငန်းများ တိုးတက်လာပြီး နိုင်ငံအတွက်လိုအပ်သည့် အဝတ်အထည်များကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း"** မှာကြားခဲ့သည်ကို မှတ်သားသိရှိရသည်။

### အစိုဓာတ်အနည်းငယ်ဖြင့် အပင်ပေါက်နိုင်

ဝါစိုက်ပျိုးမည်ဆိုပါက အခြေခံအကျဆုံးလိုအပ်ချက်သည် မျိုးဝါစေ့ပင်ဖြစ်၏။ အပင်အရေအတွက်ပြည့်မီရေးနှင့် ဝါအထွက်နှုန်း ကောင်းမွန်ရေးသည် ဝါမျိုးစေ့အရည်အသွေးပေါ်တွင် များစွာမူတည်လျက်ရှိကြောင်း တွေ့ရှိရသည်။ စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ ရောင်းချသော ငွေချည် -၉၊ ငွေချည် -၁၁၊ ရွှေတောင် -၈ နှင့် ရွှေတောင် ၁၀ မျိုးစေ့များသည် အထွက်နှုန်း သင့်တင့်ပြီး ဒေသနှင့် သင့်လျော်သော မျိုးများဖြစ်ကြသည်။ မျိုးဝါစေ့များကို စိုက်ပျိုးခြင်းမပြုမီ မျိုးစေ့အမွေးချွတ်၍ မှိုသတ်ဆေးများနှင့် လူးနယ်ခြင်းဖြင့် ပြုပြင်ဆောင်ရွက်နိုင်သည်။ အကျိုးကျေးဇူးအားဖြင့် အစိုဓာတ်အနည်းငယ်ဖြင့် အပင်ပေါက်နိုင်ခြင်း၊ အပင်ပေါက် ရာခိုင်နှုန်းပိုမိုကောင်းမွန်ခြင်း၊ မျိုးစေ့အတွင်း ခိုအောင်းနေသော ပိုးကောင်များသေစေသဖြင့် အပင်ပေါက်ပျက်စီးမှုနည်းခြင်း၊ မျိုးစေ့ဆောင်ရောဂါနှင့် ပိုးမွှားဒဏ်ခံနိုင်ရည်ပိုရှိခြင်း၊ မျိုးစေ့တစ်ဧကနှုန်းထားကိုလည်း လျှော့ချ၍ စိုက်ပျိုးနိုင်ခြင်း၊ မျိုးစေ့ချကိရိယာ၊ မျိုးစေ့ချစက်များဖြင့် စိုက်ပျိုးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိသည်ကို မှတ်သားသိရှိရသည်။

ဝါသည် လိုအပ်သလိုပြုပြင်ပေးပါကမည်သည့်မြေပေါ်တွင်မဆို ပေါက်ရောက်ဖြစ်ထွန်းနိုင်သော်လည်း အကောင်းဆုံးမြေမှာ ရေသွင်းရေထုတ်လွယ်ကူပြီး မြေချဉ်ငန်ဓာတ် ၆ မှ ၆ ဒသမ ၅ ရှိသော နုန်းမြေ၊ သဲနုန်းမြေ၊ နုန်းစနယ်၊ သဲစနယ်နှင့် စနယ်မြေစေးများ ဖြစ်ကြသည်။ ရေသွင်းရန်၊ မြေဩဇာများ ညီညာစွာရရှိရန်၊ အပင်အနိမ့်အမြင့် ညီညာရန်၊ ထွန်ယက်မှု လွယ်ကူရန်အတွက် မြေမျက်နှာသွင်ပြင်ညီညာခြင်းသည် အလွန်အရေးကြီးသည့် အချက်ဖြစ်သည်။ ထယ်ထိုးခြင်းကို ပထမသီးနှံရိတ်သိမ်းပြီးလျှင် တစ်ကြိမ်၊ စိုက်ရာသီတွင် တစ်ကြိမ် ဆောင်ရွက်ပေးရသည်။ ထယ်ရေးကို အနည်းဆုံး ၇ လက်မမှ ၁၀ လက်မအထိ နက်အောင်နှင့် အတိမ်အနက်ညီအောင် ဆောင်ရွက်ရမည်။ ချည်မျှင်ရှည်ဝါကို မိုးကြို၊ မိုး၊ မိုးနှောင်းကာလများတွင် စိုက်ပျိုးနိုင်သည်။ ရာသီဥတုပြောင်းလဲလာခြင်း၊ မိုးရေချိန်နှင့် မိုးရွာရက်များ ပြောင်းလဲတတ်ခြင်းတို့ကြောင့် မိုးကြိုဝါကို ဇန်နဝါရီလလယ်မှ ဖေဖော်ဝါရီလကုန်အတွင်း၊ မိုးစိုက်ဝါကို မေလနှင့် ဇွန်လအတွင်း၊ မိုးနှောင်းဝါကို ဇူလိုင်လမှ စက်တင်ဘာလအတွင်း စိုက်ပျိုးရမည်။

ချည်မျှင်ရှည်ဝါ စိုက်ပျိုးရာတွင် ဓာတ်မြေဩဇာများကို စနစ်တကျသုံးစွဲရန်လိုသကဲ့သို့ သဘာဝဓာတ်မြေဩဇာများကိုလည်း မဖြစ်မနေတွဲဖက်အသုံးပြုရန် လိုအပ်ပါသည်။ သာမန်မြေ တစ်ဧကတွင် သဘာဝဓာတ်မြေဩဇာအဖြစ် နွားချေးလှည်း ၁၀ စီး၊ သို့မဟုတ် ဇီဝမြေဩဇာ ၁၀ အိတ်ကို ထည့်သွင်းပေးသင့်ပြီး ဓာတ်မြေဩဇာအဖြစ် စိုက်ထယ်ရေးပြုလုပ်ချိန်တွင် ကွန်ပေါင်းဓာတ်မြေဩဇာ တစ်အိတ်ကို မြေခံထည့်သွင်းပြီး အပိန့်ဝင်ချိန်တွင် ယူရီးယားဓာတ်မြေဩဇာအိတ်ဝက်နှင့် ပန်းပွင့်ဖြိုင်ချိန်တွင် ယူရီးယားဓာတ်မြေဩဇာ အိတ်ဝက် ထည့်သွင်းသင့်သည်။ ဝါသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရန် သီးနှံတစ်ရာသီတွင် ရွက်ဖျန်းမြေဩဇာ တစ်ကီလိုအား အနည်းဆုံး ၄ ကြိမ်ဖျန်းပေးသင့်သည်။ ဝါပင်သည် အခြားသီးနှံပင်များနှင့် နှိုင်းယှဉ်ပါက ပိုးကျရောက်မှု ပိုမိုများပြားသောကြောင့် ဝါတစ်ဧကလျှင် စုပ်စားပိုးများအတွက် ၆ ကြိမ်၊ သီးလုံးဖောက်ပိုးများအတွက် ၂ ကြိမ် ပက်ဖျန်းပေးရလေ့ရှိသည်။ ဝါပင်သည် ပေါင်းမြက်များ၏ရန်ကို ခံနိုင်ရည်မရှိသောကြောင့် ဝါစေ့နှင့်အတူ ပေါင်းမြက်များ တစ်ပြိုင်တည်း ပေါက်မလာစေရန် ဝါစေ့စိုက်ပြီး ၃ ရက်အတွင်း Pendimethalin ပေါင်းသတ်ဆေးပက်ဖျန်းပေးခြင်းဖြင့် ပေါင်းပင်ငယ်များကို နှိမ်နင်းနိုင်သည်။ ဝါစိုက်ပြီး အပင်ပေါက်စုံသည့်အခါ တစ်ပတ်အတွင်း တစ်ကျင်းလျှင် ၂ ပင်ထက်ပိုသော ဝါပင်များကို နုတ်ခြင်း၊ အပင်မပေါက်သော နေရာများတွင် ဝါပင်ဖာခြင်းတို့ကို ဆောင်ရွက်ရမည်။

ဝါပင်များ ရှင်သန်ဖြစ်ထွန်းရန် အစိုဓာတ်ထိန်းသိမ်းခြင်း၊ ရေပေးသွင်းခြင်းနှင့် ရေထုတ်ခြင်းတို့ကို ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ ရေပေးသွင်းရာတွင် ဝါစိုက်ရာသီအလိုက်၊ အစိုဓာတ်လိုအပ်ချက်အလိုက် မိုးကြိုရာသီတွင် စိုက်ပျိုးချိန်၌ တစ်ကြိမ်၊ စိုက်ခင်းပြုစုချိန်တွင် ၄ ကြိမ်မှ ၅ ကြိမ် သွင်းပေးရန် လိုအပ်သည်။ မိုးနှောင်းရာသီတွင် ဖြည့်စွက်ရေ ၂ ကြိမ်မှ ၃ ကြိမ်သွင်းပေးရပါမည်။ အကယ်၍ မိုးမရွာလျှင် ၁၀ ရက်ခြား တစ်ကြိမ်ခန့် ရေသွင်းပေးရပါမည်။ မိုးများ၍ရေဝပ်နေပါက ရေထုတ်ပေးရန်လိုအပ်သည်။ ထို့အပြင် အပိန့်စတင်ခါနီးအချိန်၊ ပန်းစပွင့်ချိန်၊ ပန်းပွင့်ဖြိုင်ချိန်နှင့် ဝါသီးကြီးထွားချိန်တို့တွင် အစိုဓာတ်လုံလောက်စွာ မရပါကလည်း ရေပေးသွင်းရန် လိုအပ်ပါသည်။

### လေထုစိုထိုင်းဆမမျှတသောကြောင့် အရည်အသွေးကျဆင်းစေနိုင်

ဝါပင်များ၌ ပြင်ပပုံသဏ္ဌာန်အားဖြင့် ဝါသီးကောင်းစွာကွဲ၍ အတွင်းရှိ ဂွမ်းမွေးများအလွယ်တကူဆွဲကောက်ယူနိုင်သော အချိန်တွင် ဝါစတင်ကောက်ယူရပြီး အနည်းဆုံး ၃ ကြိမ် ကောက်ယူရပါသည်။ အချိန်မီ မကောက်သိမ်းနိုင်ပါက ဝါမျိုးစေ့နှင့် ဂွမ်းမွေးများ အပူချိန်နှင့် လေထုစိုထိုင်းဆ မမျှတသောကြောင့် အရည်အသွေး ကျဆင်းစေနိုင်သည်ကို သတိပြုရန် လိုအပ်ပါသည်။ ကောင်းစွာခြောက်သွေ့သော ချည်မျှင်ရှည်ဝါများကို ဝါကြိတ်စက်တွင် ကြိတ်ခွဲသည့်အခါ ချည်မျှင်ရှည်ဝါဂွမ်း ၃၅ ရာခိုင်နှုန်းနှင့် ဝါစေ့ ၆၀ ရာခိုင်နှုန်းကို ရရှိပါသည်။ ထိုချည်မျှင်ရှည်ဝါဂွမ်းများကို ချည်မျှင်ထုတ်လုပ်ခြင်းတွင်အသုံးပြုပြီး ဝါစေ့များကို မျိုးအဖြစ်လည်းကောင်း၊ ဝါစေ့ဆီကြိတ်ခြင်းတွင်လည်းကောင်း ဆက်လက်အသုံးပြုပါသည်။

ချည်မျှင်ရှည် ဝါဂွမ်းများကို ချည်မျှင်ညိုထုတ်လုပ်ရန်အတွက် ဝါဖန်စက်၊ ဗိုင်းတောင့်စက်၊ အကြိုအပင်ပေါင်းစက်၊ ဗိုင်းလိပ်စက်၊ ဘီဖီးစက်၊ အပင်ပေါင်းစက်၊ တည်းလုံးစက်၊ ချည်ငင်စက်၊ ချည်ကတော့စက်၊ အပင်ပူးစက်၊ အပင်ကျစ်စက်နှင့် ချည်ကုံးလုံးပေါင်းစက်များဖြင့် စုစုပေါင်း လုပ်ငန်းစဉ် ၁၂ ဖြင့် ဆက်လက်ဆောင်ရွက်ရပါသည်။ ချည်မျှင်ရှည်ဝါဂွမ်းမှ ချည်မျိုးစုံထွက်ရှိမှုမှာ ဝါဂွမ်းအလေးချိန်၏ ပျမ်းမျှ ၈၀ ရာခိုင်နှုန်းဖြစ်ပါသည်။ ထိုချည်များကို အထည်ပိတ်ရက်လုပ်ခြင်း လုပ်ငန်းတွင် ကုန်ကြမ်းအဖြစ် ဆက်လက်အသုံးပြုသည့်အပြင် ချည်မျှင်ညို၊ သို့မဟုတ် ဆေးဆိုးချည်အဖြစ် တိုက်ရိုက်ရောင်းချနိုင်ပါသည်။

ဝါကြိတ်စက်ရုံမှ ထွက်ရှိလာသော ဝါစေ့များကို ဝါစေ့ဆီကြိတ်လုပ်ငန်းတွင်

*စာမျက်နှာ ၁၇ သို့*

❖ **ဝါစိုက်ဧက ၅ သိန်းသည် တစ်ဧကဝါအထွက်နှုန်း ၇၀၀ ပိဿာရှိပါက ဝါပိဿာ သန်း ၃၅၀ ထွက်ရှိပြီး ချည် ပိတ်ကိုက် ၁၃၇၀ ဒသမ ၆ သန်း ထွက်ရှိမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံလူဦးရေပျမ်းမျှသန်း ၅၀ ဖြင့် တွက်ချက်ကြည့်ပါက လူတစ်ဦးလျှင် ချည်ပိတ် ၂၇ ဒသမ ၄၁ ကိုက် အသုံးပြုနိုင်ပါမည်။ ဝါစေ့ဆီအားဖြင့် ဝါပိဿာ သန်း ၃၅၀ တွင် ဝါစေ့ပိဿာ သန်း ၂၁၀ ထွက်ရှိပြီး ၎င်းကိုကြိတ်ခွဲလိုက်ပါက ဝါစေ့ဆီကြမ်း ပိဿာ ၂၀ ဒသမ ၇၉ သန်းရရှိပါမည်။ ထိုဝါစေ့ဆီကြမ်းအား သန့်စင်လိုက်ပါက စားသုံးရန်သင့်သော ဝါစေ့ဆီ ပိဿာ ၁၈ ဒသမ ၁၉ သန်းခန့် တစ်နည်းအားဖြင့် ၂၉၇၀၅ တန် ထွက်ရှိနိုင်ကြောင်း သိရှိရ**

*စာမျက်နှာ ၁၆ မှ*

ဝါစေ့များကို တိုက်ရိုက်ဆီကြိတ်ခြင်း၊ ဝါစေ့များကို ဝါစေ့ခွံခွဲပြီး ဝါစေ့အဆန်ကို ဆီကြိတ်ခြင်းနှင့် ဝါစေ့များကို လင်တာစက်တွင် လင်တာဂွမ်းချွတ်ပြီး ထွက်ရှိလာသည့် ဝါစေ့ကတုံးကို ဝါစေ့ခွံခွဲ၍ ဝါစေ့အဆန်ကို ဆီကြိတ်ခြင်း စသည့် ပုံစံ ၃ မျိုးဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ ဝါစေ့ဆီကြိတ်သည့် နည်းလမ်းများအနက် ဝါစေ့များကို လင်တာဂွမ်းချွတ်ပြီးမှ ဆီကြိတ်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ ဝါစေ့များကို ဆီမကြိတ်မီ လင်တာစက်တွင် လင်တာချွတ်သည့်အတွက် လင်တာဂွမ်းနှင့် ဝါစေ့ကတုံးများ ရရှိပါသည်။ ထိုဝါစေ့ကတုံးများကို ဆီကြိတ်သည့်အခါ ဝါစေ့ခွံ၊ ဝါစေ့ဖတ်နှင့် ဝါစေ့ဆီကြမ်းများ ရရှိပါသည်။ ဝါစေ့ဆီကြမ်းကို ဆက်လက်သန့်စင်သည့်အခါ ဆီကြည်နှင့် ဆီချေးများ ရရှိပါသည်။

ထို့ကြောင့် ဝါစေ့ ၁၀၀ ပိဿာကို ဆီကြိတ်လုပ်ငန်း ဆောင်ရွက်ပါက လင်တာဂွမ်း ၆ ဒသမ ၆ ပိဿာ၊ ဝါစေ့ကတုံး ၉၀ ပိဿာရရှိပါမည်။ ထိုဝါစေ့ကတုံး ၉၀ ပိဿာကို ကြိတ်ခွဲပါက ဝါစေ့ခွံ ၃၃ ဒသမ ၆ ပိဿာ၊ ဝါစေ့ဖတ် ၄၅ ပိဿာ၊ ဝါစေ့ဆီကြမ်း ၁၀ ပိဿာရရှိပါမည်။ ဝါစေ့ဆီကြမ်း ၁၀ ပိဿာကို ဆီသန့်အဖြစ် ဆက်လက်ဆောင်ရွက်ပါက ဆီကြည် ၈ ဒသမ ၇ ပိဿာနှင့် ဆီချေး ၂ ဒသမ ၉ ပိဿာ ရရှိမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ ဝါစိုက်ဧက ၅ သိန်းမှ ထွက်ရှိမည့် ချည်မျှင်ရှည်ဝါနှင့် ဆက်စပ်ပစ္စည်းများမှာ အောက်ပါဇယားအတိုင်း ဖြစ်သည်-

ဝါစေ့ဆီကို ကြိတ်ခြေရုံဖြင့်ရရှိသော ဆီကြမ်းကို စားသုံးရန်အတွက် မသင့်သေးဘဲ နည်းပညာသုံး၍ ပြန်လည်ပြုပြင်ပြီးသော ဆီချောကိုသာ စား၍ရနိုင်သော (Edible) အဆင့်သတ်မှတ်ကြောင်း တွေ့ရှိရပါသည်။ ဆီကြမ်းအဆင့်မှ စားသုံးဆီအဆင့်သို့ ရောက်ရှိစေရန် ဆီသန့်စင်ခြင်း နည်းစဉ် (Oil Refining Process)ကို အသုံးပြုပြီး ဆီကြမ်းတွင် ပါရှိလာသည့် အချဉ်ဓာတ်၊ အချွဲဓာတ်၊ အရောင်ဆိုး၊ အနံ့ဆိုးတို့နှင့်အတူ အနည်အနှစ်များနှင့် အငွေ့ပြန်နိုင်သော ပစ္စည်းများကို ဖယ်ထုတ်နိုင်မှသာလျှင် သန့်စင်ကြည်လင်သောစားသုံးဆီကို ရရှိနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် အချွဲချွတ်ခြင်း (Degumming)၊ အချဉ်ချွတ်ခြင်း (Neutralization) နှင့် အအေးခံ၍ အခဲစစ်ထုတ်ခြင်း (Winterization) ဟူသော ဆီသန့်စင်ခြင်းနည်းစဉ်ကို ပြီးပြည့်စုံအောင် ဆောင်ရွက်မှသာ Finished Product ဖြစ်သည့် စားသုံးရန်အဆင့်ကို ရောက်ရှိနိုင်ပါသည်။ ဆီကြမ်း ၁၀၀ ပိဿာကို ဆီသန့်စင်သည့်အခါ စားသုံးနိုင်သော ဆီအဆင့်သို့ရောက်သည့်အခါတွင် ဆီသန့်အကြည် ၈၇ ပိဿာ တစ်နည်းအားဖြင့် ၈၇ ရာခိုင်နှုန်းသာကျန်ရှိကြောင်း သိရှိရပါသည်။

**စားသောက်ဖွယ်ရာများ ကြော်လှော်ရန်ကောင်းမွန်သည့်ဆီဖြစ်**

စားသုံးဆီအဆင့်သို့ ရောက်သည်အထိ သန့်စင်ပြီးသော ဝါစေ့ဆီတွင် မပြည့်ဝဆီ ၇၀ ရာခိုင်နှုန်းနှင့် ပြည့်ဝဆီ ၂၆ ရာခိုင်နှုန်းတို့ ပါဝင်ဖွဲ့စည်းထားပြီး ၎င်း၏ မီးလောင်မှတ် (Smoke Point) မှာ ၂၁၆ ဒီဂရီ စင်တီဂရိတ်ရှိပါသည်။ မီးလောင်မှတ်မြင့်သော ဆီဖြစ်သည့်အားလျော်စွာ စားသောက်ဖွယ်ရာများ ကြော်လှော်ရန်အတွက် ကောင်းမွန်သည့် ဆီအမျိုးအစားဖြစ်သောကြောင့်လည်း တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဘရာဇီး၊ အမေရိကန်၊ တူကီယဲ၊ ဥဇဘက်ကစ္စတန်နှင့် ဩစတြေးလျနိုင်ငံများ၌ ဝါစေ့ဆီကို စားသုံးဆီအဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရှိရပါသည်။ ဝါစေ့တွင် ပိုးသတ်ဆေးကဲ့သို့ အာနိသင်ရှိသည့် အရောင်ပေးဒြပ်ပေါင်းတစ်ခုဖြစ်သော ဖီနော(phenol)အုပ်စုဝင် ဂေါ်ဆီပေါ (Gossypol) သည် သဘာဝအတိုင်း ပါရှိနေရာ ၎င်းသည် ဝါစေ့ဆီကြမ်းအဆင့်တွင်လည်း ပျောက်ပျက်မသွားဘဲ ပမာဏတစ်ခုဖြင့် ပါဝင်နေလေ့ရှိပါသည်။ စားသုံးဆီအဆင့် ထိရောက်အောင် သန့်စင်ပြီးမှသာလျှင် ၎င်းဓာတ်ပစ္စည်းကို ဖယ်ရှားလျှော့ချနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် ဝါစေ့ဆီကြမ်းများကို Finished Product အဖြစ် ဆောင်ရွက်ပြီးမှသာ စားသုံးဆီအဖြစ် အသုံးပြုကြပါရန် လိုပါသည်။

ဝါစေ့ဆီကြမ်းကို ပိုးသတ်ဆေးအဖြစ် လည်းကောင်း၊ အဝတ်လျှော်ဆပ်ပြာ ပြုလုပ်ရာတွင် လည်းကောင်း၊ အသားအရည်ထိန်းသိမ်းရန် သုံးစွဲရသည့် အလှကုန်ပစ္စည်းများတွင် လည်းကောင်း၊ ဖောက်ပြောက် ခေါင်းလျှော်ရည်နှင့် နေလောင်ခံခရင်များတွင်လည်းကောင်း သုံးစွဲကြသည်ကို တွေ့ရသည်။ ဝါစေ့ဆီတွင် ကျန်းမာရေးအတွက် ကောင်းကျိုးအများအပြားရှိပါသည်။ အနာကျက်မြန်စေသောကြောင့် ဒဏ်ရာများမှာ လိမ်းပေးနိုင်ပါသည်။ နာကျင်ရောင်ရမ်းမှုကို သက်သာစေနိုင်သောကြောင့် ဝါစေ့ဆီကိုစားပေးခြင်း၊ လိမ်းပေးခြင်းဖြင့် အဆစ်ရောင်ခြင်း၊ အဆစ်လွဲခြင်း၊ ခေါင်းကိုက်ခြင်း၊ အစာအိမ်အောင့်ခြင်းတို့အတွက် သုံးစွဲနိုင်ပါသည်။ သွေးအတွင်းကိုလက်စထရောကို လျှော့ချပေးနိုင်ပါသည်။ သွေးပေါင်ချိန်ကို ကျဆင်းစေပြီး သွေးကြောဆိုင်ရာရောဂါ၊ နှလုံးရောဂါတို့မှ ကာကွယ်ပေးနိုင်သည့် ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများရှိကြောင်း တွေ့ရှိရပါသည်။ ဝါစေ့ကို ကြိတ်ခွဲရာမှ ထွက်ရှိလာသော လင်တာဂွမ်းကို ပျော့ဖတ်များ၊ ခိုင်မာအားကောင်းသည့် ပလတ်စတစ်နှင့် ဖိုင်ဘာများ၊ စက္ကူအမျိုးမျိုး၊ ရေယွန်ဖိုင်ဘာနှင့် အခြားဓာတုပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများတွင် ကုန်ကြမ်းအဖြစ် ဆက်လက်အသုံးပြုပါသည်။ ဝါစေ့ခွံများကို နွား၊ သိုး၊ ဆိတ်မွေးမြူရေးလုပ်ငန်းများတွင် အစာအဖြစ်နှင့် သဘာဝမြေဩဇာအတွက် ရောစပ်ကုန်ကြမ်းအဖြစ် အသုံးပြုပါသည်။ ဝါစေ့အဖတ်မှာလည်း အာဟာရတန်ဖိုးကြွယ်ဝပြီး အထူးသဖြင့် အသားဓာတ်မြင့်မားစွာ ပါဝင်သောကြောင့် နွား၊ ငါးတိရစ္ဆာန်အစာနှင့် သဘာဝမြေဩဇာတွင် တိုက်ရိုက်ကုန်ကြမ်းအဖြစ် အသုံးပြုပါသည်။ တိရစ္ဆာန်အစာနှင့် စိုက်ပျိုးရေးတို့အတွက် အသုံးပြုနိုင်ခြင်းကြောင့် ဝါပင်မှ ထွက်ရှိလာသော အပွင့်၊ အဆန်တို့မှာ အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေပါသည်။

မြန်မာနိုင်ငံရှိ စိုက်ပျိုးထားသော ဝါစိုက်ဧက ၅ သိန်းသည် တစ်ဧကဝါအထွက်နှုန်း ၇၀၀ ပိဿာရှိပါက ဝါပိဿာ သန်း ၃၅၀ ထွက်ရှိပြီး ချည်ပိတ်ကိုက် ၁၃၇၀ ဒသမ ၆ သန်း ထွက်ရှိမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံလူဦးရေပျမ်းမျှသန်း ၅၀ ဖြင့် တွက်ချက်ကြည့်ပါက လူတစ်ဦးလျှင် ချည်ပိတ် ၂၇ ဒသမ ၄၁ ကိုက် အသုံးပြုနိုင်ပါမည်။ ဝါစေ့ဆီအားဖြင့် ဝါပိဿာ သန်း ၃၅၀ တွင် ဝါစေ့ပိဿာ သန်း ၂၁၀ ထွက်ရှိပြီး ၎င်းကိုကြိတ်ခွဲလိုက်ပါက ဝါစေ့ဆီကြမ်း ပိဿာ ၂၀ ဒသမ ၇၉ သန်းရရှိပါမည်။ ထိုဝါစေ့ဆီကြမ်းအား သန့်စင်လိုက်ပါက စားသုံးရန်သင့်သော ဝါစေ့ဆီ ပိဿာ ၁၈ ဒသမ ၁၉ သန်းခန့် တစ်နည်းအားဖြင့် ၂၉၇၀၅ တန် ထွက်ရှိနိုင်ကြောင်း သိရှိရပါသည်။ တစ်ဧကဝါအထွက်နှုန်း ၅၀၀ ပိဿာရှိပါက ဝါပိဿာ သန်း ၂၅၀ ထွက်ရှိပြီး ချည်ပိတ်ကိုက် ၉၇၉ သန်းထွက်ရှိမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံလူဦးရေပျမ်းမျှ သန်း ၅၀ ဖြင့် တွက်ကြည့်ပါက လူတစ်ဦးလျှင် ချည်ပိတ် ၁၉ ဒသမ ၅၈ ကိုက် အသုံးပြုနိုင်ပါမည်။ စားသုံးရန်သင့်သော ဝါစေ့ဆီပိဿာ ၁၂ ဒသမ ၉၉ သန်း တစ်နည်းအားဖြင့် ၂၁၂၁၈ တန်ထွက်ရှိနိုင်ပါသည်။ ဝါစိုက်ပျိုးရေးအား အောင်မြင်စွာဆောင်ရွက်ခြင်းဖြင့် ဘက်ပေါင်းစုံမှ နိုင်ငံခြားငွေသုံးစွဲရမှုကို များစွာသက်သာနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံမှထွက်ရှိသော ချည်မျှင်ရှည်ဝါဂွမ်းများ၏ ဂွမ်းမွေးအရှည်သည် ၂၀ မီလီမီတာမှ ၃၀ မီလီမီတာသာရှိပြီး အနိမ့်ဆုံး ချည်နံပါတ် ၁/၁၆ ချည်မှစ၍ ၁/၂၀ ချည်၊ ၁/၄၀ ချည်နှင့် အချောဆုံး ၁/၆၀ ချည်အထိထုတ်လုပ်နိုင်ပါသည်။ ၁/၁၆ ချည်မှ ဖလန်နယ်ပိတ်၊ ဇင်ပိတ်၊ ချည်စောင်၊ စားပွဲခင်းနှင့် လက်သုတ်ပဝါတို့ ထုတ်လုပ်နိုင်ပါသည်။ ၁/၂၀ ချည်မှလည်း ဖလန်နယ်ပိတ်၊ အမျိုးသားဝတ်၁/၂၀ ချည်လုံချည်၊ ခြင်ထောင်ဇာ၊ ခြင်ထောင်ပိတ်၊ မျက်နှာသုတ်ပဝါ၊ ချွေးသုတ်ပဝါနှင့် အနီးပိတ်ထုတ်လုပ်နိုင်ပါသည်။ ၁/၄၀ ချည်မှ အမျိုးသားဝတ် ၁/၄၀ ချည်ချောလုံချည်၊ အမျိုးသမီးဝတ်လုံချည်၊ စွပ်ကျယ်၊ တီရှပ်တို့ ထုတ်လုပ်နိုင်ပြီး ၁/၆၀ ချည်မှ အမျိုးသားဝတ်ချည်လုံချည်များ ထုတ်လုပ်နိုင်ပါသည်။

**ယခုနှစ်ဝါမျိုးစုံစိုက်ပျိုးရန် ဧက ၆ သိန်းကျော်လျာထား**

ဂွမ်းမွေးအရှည် ၃၄ မီလီမီတာနှင့်အထက်ရှိသည့် ပြည်ပချည်မျှင်ရှည်ဂွမ်းများနှင့် ၅၀ ရာခိုင်နှုန်း ရောစပ်၍ ထုတ်လုပ်နိုင်ပါက ၂/၈၀ ချည်ချောအထိ ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။ ယခုနှစ် မိမိတို့နိုင်ငံတွင် ဝါမျိုးစုံစိုက်ပျိုးရန် ဧက ၆ သိန်းကျော် လျာထားပြီး ချည်မျှင်ရှည်ဝါ ဧက ၄ ဒသမ ၇ သိန်းကျော်စိုက်ပျိုးမည်ဟု သိရသည်။ အဆိုပါ ချည်မျှင်ရှည်ဝါများမှာ အရှည် ၂၈ မီလီမီတာမှ ၃၀ မီလီမီတာသာ ရှိသည့်အတွက် အဆင့်မီ ချည်ချောထုတ်လုပ်နိုင်စေရန် ဂွမ်းမွေးအရှည် ၃၃ မီလီမီတာမှ ၃၄ မီလီမီတာရှည်သည့် ( Extra-long stable cotton) အလွန်ရှည် ချည်မျှင်ရှည်ဝါမျိုးများကို နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ တိုးချဲ့စိုက်ပျိုးနိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်မှ ဆောင်ရွက်ကြလျက်ရှိသည်။ မိမိတို့နိုင်ငံတွင် အရည်အသွေးကောင်းသည့် (A) အဆင့်ရှိဝါများ ပြောင်းလဲစိုက်ပျိုးနိုင်ပါက ပြည်ပမှ တင်သွင်းမှုများ လျော့နည်းစေမည်ဖြစ်သည်။ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဝါကြိတ်စက်များကို ပြည်တွင်း၌တပ်ဆင်ထုတ်လုပ်နိုင်မည်ဆိုလျှင် အလုပ်အကိုင်အခွင့်အလမ်းများပါ ရရှိစေမည်ဖြစ်ပြီး အထည်ချုပ် လုပ်ငန်းများအတွက်ပါ အထောက်အပံ့ကောင်းကို ရရှိစေမည်ဖြစ်၏။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် ဦးတည်ချက်(၉) ရပ်ပါ စီးပွားရေးကဏ္ဍတွင် “ **ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည် အထိ ကြိုးပမ်းဆောင်ရွက်ရေး**” ဟူသည့်အတိုင်း ဆီထွက်သီးနှံများကို စိုက်ပျိုးလျက်ရှိရာ ဝါသီးနှံသည် စားကုန်ဖြစ်သော ဆီအတွက်သာမက လူတို့ဝတ်ဆင်ရေးနှင့် အခြားသော အထည်အလိပ်လုပ်ငန်းများအတွက်ပါ အသုံးဝင်သည့် သီးနှံတစ်ခုအဖြစ် တည်ရှိနေပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကုန်ချောထုတ်လုပ်ရန်အတွက် လိုအပ်သည့် စက်ပစ္စည်းကိရိယာများ တပ်ဆင်လည်ပတ်နိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်သောကြောင့် တောင်သူဦးကြီးများအနေဖြင့် ယခုထက်မက ပိုမိုစိုက်ပျိုးမည့် အတွေးစိတ်ကူးများ စီမံထားဖို့သာလိုပါတော့သည်။ စီးပွားရေးလုပ်ငန်းရှင်ကြီးများအနေဖြင့်လည်း လယ်ယာထွက်ကုန်စိုက်ပျိုးမွေးမြူရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်ကြမည်ဆိုပါလျှင် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာမှုနှင့်အတူ နိုင်ငံသားတို့၏ တစ်ဦးချင်း ဝင်ငွေတိုးပွားလာကာ တိုင်းပြည်၏ဝင်ငွေသည်လည်း တိုးပွားလာမည်ဖြစ်ပေသည်။

ဝါသီးနှံသည် အဝတ်အထည်ပစ္စည်းထုတ်လုပ်မှုအတွက်သာမက ပြည်တွင်းဆီဖူလုံရေးအတွက် စားသုံးဆီနှင့် စက်မှုလုပ်ငန်းသုံးဆီကို ဝါစေ့မှထုတ်ယူနိုင်ပြီး ဝါစေ့အခွံနှင့် ဝါစေ့ကြိတ်ဖတ်များကို အသားထုတ်လုပ်မှုတိုးတက်ရေးအတွက် တိရစ္ဆာန်အစာအဖြစ်သာမက မြေဩဇာအဖြစ်ပါ အသုံးပြုနိုင်၍ စီးပွားရေးအရ အရေးပါသော သီးနှံတစ်ခုဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ လူတို့စားရေး၊ ဝတ်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသည့် ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်ရေးသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး စိုက်ပျိုးထုတ်လုပ်ကြိတ်ခွဲခြင်းမှအစပြု၍ ကုန်ချောထုတ်လုပ်သည်အထိ ကွင်းဆက်အားလုံးသည် အလုပ်အကိုင် အခွင့်အလမ်းအမျိုးမျိုးနှင့် ကုန်သွယ်ရေးကဏ္ဍများ၊ စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ စသည်တို့အတွက် မောင်းနှင်အားတစ်ရပ်ပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

| စဉ် | ထွက်ကုန်များ | ရေတွက်ပုံ | အရေအတွက် | |
|---|---|---|---|---|
| | | | တစ်ဧကဝါအထွက်နှုန်း ၅၀၀ ပိဿာ | တစ်ဧကဝါအထွက်နှုန်း ၇၀၀ ပိဿာ |
| ၁ | ချည်မျှင်ရှည်ဝါ | ပိဿာ | ၂၅၀ သန်း | ၃၅၀ သန်း |
| ၂ | ချည်မျှင်ရှည်ဝါဂွမ်း | ပိဿာ | ၈၇.၅ သန်း | ၁၂၂.၅ သန်း |
| ၃ | ဝါစေ့ | ပိဿာ | ၁၅၀ သန်း | ၂၁၀ သန်း |
| ၄ | လင်တာဂွမ်း | ပိဿာ | ၉.၉ သန်း | ၁၃.၈၆ သန်း |
| ၅ | ဝါစေ့ကတုံး | ပိဿာ | ၁၃၅ သန်း | ၁၈၉ သန်း |
| ၆ | ဝါစေ့ခွံ | ပိဿာ | ၅၀.၃၆ သန်း | ၇၀.၅၆ သန်း |
| ၇ | ဝါစေ့ဖတ် | ပိဿာ | ၆၇.၅ သန်း | ၉၄.၅ သန်း |
| ၈ | ဝါစေ့ဆီကြမ်း | ပိဿာ | ၁၄.၈၅ သန်း | ၂၀.၇၉ သန်း |
| ၉ | ဝါစေ့ဆီကြည် | ပိဿာ | ၁၂.၉၉ သန်း | ၁၈.၁၉ သန်း |
| ၁၀ | ဝါစေ့ဆီချေး | ပိဿာ | ၄.၃၄ သန်း | ၆.၀၇ သန်း |




# ဖျာပုံမြို့နယ်တွင် မလေးရှားနိုင်ငံ ပင်လယ်ရေပြင်သို့ပို့ဆောင်မည့် ငွေကျပ် ၆၉ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)၂ ဒသမ ၃ တန်နှင့်အတူ မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့ကို ဖော်ထုတ်ဖမ်းဆီးရမိ


နေပြည်တော် ဩဂုတ် ၂

**ဖျာပုံမြို့နယ်တွင် မလေးရှားနိုင်ငံ ပင်လယ်ရေပြင်သို့ ပို့ဆောင်မည့် ငွေကျပ် ၆၉ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၂ ဒသမ ၃ တန်နှင့်အတူ မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် သတင်းအရ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကမ်းနားကွင်းကျေးရွာ ခါးပြတ်ချောင်းအတွင်း မောင်းနှင်လာသည့် ကုန်တင်စက်လှေအား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ရပ်တန့်ခြင်းမရှိဘဲ အရှိန်တင် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ ငွေအောင်၊ ကျော်မြင့်နိုင်၊ ရဲဝင်းနိုင်၊ စောဟန်နှင့် ဆိတ်ဖေတို့ ငါးဦးကို ဒေသကာလတန်ဖိုးငွေကျပ် ၆၉ ဘီလီယံ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး အိုက်စ် (မက်သ်အဖက်တမင်း) ၂ ဒသမ ၃ တန်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ခ) ရပ်ကွက် မြရတနာ (၈) လမ်းရှိ ဖမ်းမိစက်လှေပိုင်ရှင် လှမောင်ကြီး၏ နေအိမ်မှ ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ် တစ်ခု၊ ၉ မမကျည်အတောင့် ၅၀ နှင့်အတူ ထွန်းအောင် ကိုလည်းကောင်း၊ သိမ်းဆည်းရမိ အိုက်စ်များ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် သန်းငွေး(ခ)အရှည်ကြီးအား ဖျာပုံမြို့နယ် ဆင်မကျေးရွာ၌လည်းကောင်း၊ စက်လှေပိုင်ရှင် လှမောင်ကြီးနှင့် ပွဲနင်း သားကြီး(ခ) ဇော်သိန်းလှိုင် တို့ကို လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် (၁၁)ရပ်ကွက်တွင် PRADO မော်တော်ယာဉ် တစ်စီးနှင့်လည်းကောင်း၊ မင်းမျိုးထွန်း (ခ) ကိုမျိုးအား ပြင်ဦးလွင်မြို့နယ် ပြင်စာကျေးရွာ၌ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကျပ်သိန်း ၁၉၀ နှင့် လည်းကောင်း၊ အောင်ဆင့်ထွန်း (ခ) ကိုဆင့် (ခ) ကိုစိုင်းနှင့် ထိန်လင်းအောင်(ခ) ရောဘတ် (ခ) ခွန်ရဲလင်းဦးတို့အား ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းမရှိ ဧည့်ရိပ်သာတွင် TOYOTA LANDCRUISER မော်တော်ယာဉ် တစ်စီး၊ HILUX SURF မော်တော်ယာဉ် နှစ်စီးနှင့် လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ အိုက်စ် (မက်သ်အဖက်တမင်း) များကို ရှမ်းပြည်နယ် (တောင်ပိုင်း)မှ မလေးရှားနိုင်ငံ ပင်လယ်ရေပြင်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်းနှင့် အမှုတွင် ဆက်စပ်ပါဝင်သူများ၏ ငွေကြေးအကျိုးအမြတ်များနှင့် ပိုင်ဆိုင်မှုများကို ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




၂၂-၇-၂၀၂၄ ရက်နေ့ ဖျာပုံမြို့နယ် အမာမြို့ ခါးပြတ်ချောင်းအတွင်း စက်လှေပေါ်မှ ငွေကျပ် ၆၉ ဘီလီယံ တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၂ ဒသမ ၃ တန် ဖမ်းဆီးရမိမှု သယ်ဆောင်ရာလမ်းကြောင်းပြမြေပုံ။



သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း) များနှင့်အတူ တွေ့ရစဉ်။

## ကန့်ကွက်နိုင်ပါကြောင်း

ရောဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့၊ အမှတ်(၇)ရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့်အမည်(၁၀/တောင်ပိုင်း)၊ ဦးပိုင်အမှတ်(၆၀)၊ မြေဧရိယာ (၀.၀၄၇) ဧကရှိမြေအား ဦးအောင်ဆန်း-ဒေါ်သန်းသန်းအေးအမည်ဖြင့် လူနေထိုင်အသုံးပြုရန်အတွက် မြေငှားဂရန် (သက်တမ်းတိုး)လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကန့်ကွက်ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန၊ မော်လမြိုင်ကျွန်းမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၇၀၄၂၅ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်ဝင်း ၁၀/မလမ(နိုင်)၁၃၁၆၃၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၉ယ/၅၇၃၀၁ ယာဉ်လက်ဝယ်ရှိသူ ဦးရန်ရှင်းသန့် ၁၀/ပမန(နိုင်)၂၁၈၇၂၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)





## ကုန်အမှတ်တံဆိပ် အသိပေးကြေညာချက်

တစ်ဖက်ပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားသည် ကျွန်ုပ်တို့မိတ်ဆွေ ဦးကျော်အေးထွန်း (၁၁/ကတန (နိုင်) ၀၀၃၆၇၃) မှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၅၁၂၁/၂၀၁၃)ဖြင့် (၂၁-၅-၂၀၁၃) နေ့တွင် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။ အဆိုပါ ကုန်အမှတ်တံဆိပ်အမည်ဖြစ်သော "HTUN KYI" "HK"အမည်ဖြင့် အမျိုးသမီးဝတ် အဝတ်အထည် အမျိုးမျိုး Girl Fashion Wear တို့ကိုရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ တစ်ဝှမ်းတွင် ထုတ်လုပ်ဖြန့်ချိပြီး လက်ရှိရောင်းချနေပါသည်။

တစ်ဖက်ပါ "HTUN KYI" "HK" ကုန်အမှတ်တံဆိပ်အမည်နှင့် ပတ်သက်၍ အခြားမည်သူ တစ်ဦးတစ်ယောက်ကမျှ လုပ်ငန်းအမှတ် တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ သံတူကြောင်းကွဲ မြန်မာအင်္ဂလိပ် အစိပ္ပါယ်တူ ဆင်တူယိုးမှား တုပသုံးစွဲခြင်းမပြုရန်နှင့် တုပသုံးစွဲနေသည်ကိုတွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး LL.B, D.B.L, D.I.L, ဒေါ်လင်းလင်းထက် LL.B.

တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆


## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ပျောက်ဆုံးကြောင်း

မမြတ်ငြိမ်းအေး ၅/မရန(နိုင်) ၁၇၅၄၇၅ ၏ နိုင်ငံကူးလက်မှတ် အမှတ်(A 164723) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၈၀၄၂၁၈၇

**စာပေမြင့်မှ လူမျိုးတင့်မည်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ် ဃ/၈၉၊ ဧရိယာ(၀.၀၂၈)ဧက မြေကွက် တည်နေရာအမှတ်-၃၄၂၊ နွယ်နီလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးကျင်ဟိုး ၁၂/ဒပန(နိုင်)၀၃၀၁၀၉အမည်ပေါက်နှစ် ၆၀ ဂရန်မြေအား ဦးကျင်ဟိုးအပေါ် တရားပြိုင်ထားကာ ဦးနူရ်လ်လောက်မှ တရားလို ပြုလုပ်၍ ဒေါပုံမြို့နယ်တရားရုံး၌ ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်၆ ဖြင့် ပဋိညာဉ်အတိုင်း မြေနှင့်အိမ် အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခြင်းအပေါ် ချမှတ်သည့်(၇-၆-၂၀၂၂)ရက်စွဲပါ စီရင်ချက် ဒီကရီအမိန့်နှင့်တာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၊ တရားမဇာရီမှုအမှတ် ၅၂/၂၀၂၂၏ (၁၀-၆-၂၀၂၂)ရက်စွဲပါ တရားရုံး နေ့စဉ်မှတ်တမ်းတာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ် တရားရုံး၏ (၁၅-၆-၂၀၂၃)ရက်စွဲပါ စာအမှတ်-၁၁၈(က)/၁၃-၁/၂၀၂၃ဖြင့် ဘီလစ်ခန့်စာတို့အရ တရားရှုံးကိုယ်စား ဘီလစ် ဦးဆောင်းလွင်ဦး ၁၂/တမန(နိုင်)၀၂၉၅၃၁မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၈ U10၊ မြေကွက်အမှတ်-၂၄၅၊ မြေကွက် တည်နေ ရာ ၂၄၅၊ အောင်တံခွန်လမ်း၊ ၄၈ U10 ရပ်ကွက်၊ ဒဂုံမြောက်၊ ဦးအောင်ဇော်ဦး ၁၂/လမတ(နိုင်)၀၂၅၈၉၅ အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးအောင်ဇော်ဦးနှင့် ဦးအောင်မောင်မောင်မျိုးတို့အား တရားပြိုင်ထားကာ ဒေါ်နန်းခင်သိန်းရီမှ တရားလိုပြုလုပ်၍ ဒဂုံမြောက်မြို့နယ်တရားမရုံး၌ တရားမကြီးမှုအမှတ်- ၇၈/၂၀၂၂ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် ၂၉-၁၂-၂၀၂၂ ရက်စွဲပါစီရင်ချက်ဒီကရီနှင့် တရားမဇာရီမှုအမှတ် -၁၀/၂၀၂၃ တို့အရ တရားရှုံးကိုယ်စား ဘီလစ် ဒေါ်လဲ့လဲ့ခိုင် ၁၃/တကန (နိုင်)၀၀၃၄၁၉ မှ တရားရုံးအမိန့်၊ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်ကတ်တို့ တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာရာ မြေပြင်ကွင်းဆင်းစစ်ဆေးရာ စတီးဂိုဒေါင်တစ်လုံးရှိပြီး ကွင်းဆင်းစစ်ဆေးသည်ကို သိရှိကြောင်း တရားနိုင်မှ ကွင်းဆင်းဖောင်တွင် လက်မှတ်ရေးထိုးပေးပါသဖြင့် ဘီလစ်ဒေါ်လဲ့လဲ့ခိုင်မှအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂ - ၈ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၅၀ ကျပ် | ၂၅၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၉၂၀ ကျပ် | ၃၀၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၇၀ ကျပ် | ၂၈၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၉၅ ကျပ် | ၂၉၇၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**သွေးသည် အသက်**

# တောင်တွင်းကြီးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲကျင်းပ

**တောင်တွင်းကြီး ဩဂုတ် ၂**

နိုင်ငံတော်မှ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတကာနှင့်အညီ ပညာရေးကဏ္ဍကို အထူးအလေးပေးဖော်ဆောင်ပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပစာပေဗဟုသုတများကြွယ်ဝစေရန်၊ ဘက်စုံထူးချွန်ဖွံ့ဖြိုးတိုးတက်စေရန်၊ ဘဝရည်မှန်းချက်ပန်းတိုင်များ ကောင်းမွန်စွာ လျှောက်လှမ်းနိုင်ကြစေရန် ရည်ရွယ်၍ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပေလေးပင်ခန်းမ၌ ယမန်နေ့က စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲကို ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က "စာဖတ်ကြရအောင်" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး စာရေးဆရာတောင်တွင်း မောင်သင်းကျော်က စာပေလောကကို စတင်ဝင်ရောက်ခဲ့ပုံ၊ စာရေးဆရာဘဝအတွေ့အကြုံများနှင့် ရေးသားခဲ့သည့် စာပေများအကြောင်း၊ မြန်မာစာပေ၏ တန်ဖိုးကြီးမားပုံများအကြောင်း ဟောပြောပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးကြည်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ စာရေးဆရာ တောင်တွင်းမောင်သင်းကျော်က ကျောင်းစာကြည့်တိုက်အတွက် သုတ/ရသ စာအုပ်များ ပေးအပ်လှူဒါန်းပြီး တက်ရောက်လာသည့် ကျောင်းသားကျောင်းသူများက ခင်းကျင်းပြသထားသည့် "အသိပညာဗဟုသုတကြွယ်ဝဖို့ စာပေ လေ့လာဖတ်ရှုစို့" အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ဝင်တစား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန် - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
စာတည်း
အကြီးတန်း - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊
သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သတင်းထောက်များ
ဓာတ်ပုံ - တင်စိုး
သတင်းထောက်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် - သန်းထွန်းအောင်နှင့် အဖွဲ့
ဒီဇိုင်း
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm


## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၃၈၀ | ၃၃၈၂၀၀၀ |
| MTSH | ၃၅၅၀ | ၃၆၀၀ | ၁၂၉၀၉ | ၄၆၄၁၂၄၅၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၁၅၀ | ၁၂၄၅၀၀၀ |
| FPB | ၁၇၅၀ | ၁၇၅၀ | ၅၈၄ | ၁၀၂၂၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၀၀ | ၂၇၅၀၀၀ |
| EFR | ၁၈၀၀ | ၁၈၀၀ | ၅၉၈ | ၁၀၅၂၉၀၀ |
| AMATA | ၄၆၀၀ | ၄၇၀၀ | ၈၃၄ | ၃၈၃၆၇၀၀ |
| MAEX | ၃၅၀၀ | ၃၅၀၀ | ၁၀ | ၃၅၀၀၀ |

## အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ Great Light ကိုယ်ပိုင် အထက်တန်းကျောင်း Grade–7 မှ ဦးဝေဖြိုးလှိုင် ၏သား မောင်ဖြိုးသဂ်ဟနိုင်၏ အမည်မှန်မှာ မောင်ဖွဲ့ဝေယံနိုင်ဖြစ်ပါကြောင်း။

**မောင်ဖွဲ့ဝေယံနိုင်**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊သုဝဏ္ဏ(ဃ)ရပ်ကွက်၊ လုပ်အားလမ်းနေ မောင်အောင်နိုင်သူ ၁၄/ဝခမ(နိုင်)၃၂၂၈၅၉၏ ပတ်စ်ပို့နံပါတ် MJ 215695 မှာ ၁၇–၇–၂၀၂၄ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၉၇၈၉၉၅၂၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/87638 ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းဝင်း ၇/အတန(နိုင်)၀၇၇၈၁၁ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၅ ၊ နည်းဥပဒေ – ၂၀ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၇၄

| | | |
|---|---|---|
| ၁။ ဦးမင်းမင်းအောင် | နှင့် | ဒေါ်ခင်စန်းမြင့် |
| ၂။ ဒေါ်နန္ဒာချို | | |
| **(တရားလိုများ)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ အမှတ်–(၂/၂၀)နေ ဒေါ်ခင်စန်းမြင့် (ယခုနေရပ်လိပ်စာ မသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုများက "ပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် (၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6N/8483 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(သာယာဝတီ)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁)၊ လူနေရပ်ကွက်(၁)၊ အနော်မာရပ်ကွက်၊ အနော်မာ(၉)လမ်း၊ အိမ်အမှတ်–၃၅၀(က)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ ဂရန်မြေကွက်သည် ၁။ဒေါ်သန်းကြွယ်(TKA–၀၆၀၈၈၂) ၂။ဦးအာမက်ဟူဆောင်း(AKB–၁၉၄၅၃၀) တို့၏ အမည်ပေါက်ဖြစ်ပြီးအဆိုပါမြေကွက်ထဲမှအကျယ်အဝန်း(၁၀ပေx၆၀ပေ) ခြေရင်းခြမ်းရှိဂရန်မူရင်းပါ အိမ်ခြံမြေအားဆက်စပ်စာချုပ်များဖြင့် လက်ရှိထားပိုင်ဆိုင်သူ ဦးပိုင်ဇင်ထွေး (၁၂/သကတ(နိုင်)၂၅၀၆၇)က အရှုပ်အရှင်း အပေါင်အနှံကင်းရှင်းကြောင်း မိမိတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ကြောင်း တာဝန်ယူဝန်ခံကတိပြုပြီး ရောင်းချရာကျွန်ုပ်၏ မိတ်ဆွေဖြစ်သူဒေါ်သန်းသန်းနွယ် (၇/ဒဥန(နိုင်)၁၆၁၆၃၀)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့်ဤ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့် ကွက်နိုင်ပါသည်။ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မိုမိုကို(LL.B) တရားလွှတ်တော်ရှေ့နေ(စဥ်–၁၇၃၄၉)**
**အမှတ်(၂၃) ၊ လမ်း(၁၃၀)နှင့်သုံးမြောင့်လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း–၀၉–၇၈၁၆၈၅၀၄၉**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ စိန်ရတုခန်းမရှေ့ရှိ DIAMOND CONDO မှ အဆောက်အအုံ (B)၊ အခန်းအမှတ် (၁၅–၀၅)၊ စတုရန်းပေ (၁၁၆၀)ရှိ တိုက်ခန်းသည် ဒေါ်ယုဇနဝင်း ၁၂/ကတတ(နိုင်)၀၂၉၀၄၃ က မိမိတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်ခွင့်၊ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေအား အပြီးအပိုင်ရောင်းချလိုကြောင်း ကမ်းလှမ်းလာပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှလည်း အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ကန့်ကွက်လိုပါက အထောက်အထားမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ တင်ပြကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ် ညွှန်ကြားချက်အရ–**
**ဒေါ်မေဇင်ဦး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ(စဥ် – ၈၃၁၄)**
**အမှတ် ၁၀၃၊ အခန်း ၈ အေ၊ လှည်းတန်းလမ်း၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း – ၀၉–၅၀၈၃၃၁၂၊ ၀၉–၇၉၈၃၇၆၆၇၅**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွှကုန်းဈေးကြွယ်(က) ရပ်ကွက်၊ မေဩကလမ်း၊ အမှတ်(၁၄)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၇)ထပ်တိုက်၏ မြေညီထပ်(တိုက်ရှေ့မျက်နှာမူလှျင်-ယာဘက်) အကျယ်အဝန်း (၁၂ပေခွဲx၅၀ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့်တိုက်ခန်းကို စာချုပ်အမည်ပေါက်ဖခင်ဖြစ်သူ ဦးတင်ညွန့်(LSK–018757)နှင့် မိခင်ဖြစ်သူတို့ကွယ်လွန်ပြီးနောက် မြန်မာလေ့ထုံးထမ်းဥပဒေအရ အမွေဆက်ခံလာသူ အမွေခံသားသမီးများဖြစ်ကြသော ဦးမင်းမင်းဦး ၈/ပခက(နိုင်)၁၇၀၈၉၁၊ ဒေါ်သင်ဇာဦး ၈/ပခက(နိုင်)၁၅၂၉၇၁၊ ဒေါ်ဇာမင်းအိ ၁၂/သကတ(နိုင်)၁၆၈၆၂၉၊ ဦးဝေမျိုးဦး ၁၂/သကတ(နိုင်)၁၆၈၆၂၈နှင့် ဒေါ်ဇာထွေးအိ ၁၂/သကတ(နိုင်)၁၆၈၆၃၀တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဘူမောင်(LL.B)(စဥ်–၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဥ်–၄၈၄၃၁) အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၁၁၈၀၀၇၊ ၀၉–၅၁၁၅၉၉၀၊ ၀၉–၅၁၈၃၅၆၉။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၁၅၊ မြေကွက်အမှတ်၅၆၅၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)အကျယ်ရှိ မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အမှတ်၅၆၅(က)၊ သဇင်(၅)လမ်း၊ (၁၅)ရပ်ကွက်၊ ခေါင်းရင်းခြမ်း (ပါမစ်မူရင်းခြမ်း)၊ အကျယ်အဝန်း (၂၀ပေX၆၀ပေ)အကျယ်ရှိဦးတိတ်အိအမည်ပေါက်ပါမစ်မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်စပ်ဖြင့် တရားဝင် ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်း၍ စီမံရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုလာသူ ဦးဆောင်းကိုကို ၈/မကန(နိုင်)၀၀၂၇၆၄ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဦးအောင်ကျော်ဦး ၁၂/ရကန(နိုင်) ၀၈၄၃၂၈ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ပြုလုပ် ခြင်းအား မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့် အိမ်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဝင်းဝင်းနွယ် (LL.B) တရားလွှတ်တော်ရှေ့နေ (စဥ်–၈၃၂၈)**
**အမှတ် (၉)၊ မြေညီထပ်၊ အရှေ့အာဇာနည်လမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၄၃၁၁၂၅၇၁၊ ၀၉–၇၉၉၉၁၀၄၃၀**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ– ၁ နှင့် ၅)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၃

| | | |
|---|---|---|
| မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် (သိမ်ဖြူဘဏ်ခွဲ) (၎င်း၏ကိုယ်စား ဒေါ်သီတာဌေး– Vice President) | နှင့် | ၁။ ဦးသီဟစိုး<br>၂။ ဒေါ်ဇာခြည်မျိုးသန်း<br>၃။ ဒေါ်ကြည်ဌေး |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ (၂၁)ရပ်ကွက်၊ သိမ်ချောင်းရှင်းလမ်း၊ အမှတ် (၃/၅၈၄–က) နေ (၁)တရားပြိုင် ဦးသီဟစိုး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "Auto Finance/Hire Purchase အငှားဝယ်စနစ်ဖြင့် စုစုပေါင်းချေးငွေကျပ် ၃၃,၇၃၁,၁၀၆.၂၃ (ကျပ်သိန်းသုံးရာသုံးဆယ့်ခုနှစ်သိန်းသုံးသောင်းတစ် ထောင်တစ်ရာ့ခြောက်ကျပ်နှင့်နှစ်ဆယ့်သုံးပြားတိတိ)" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂) ရက်၊ (၁၃၈၆ ခုနှစ်၊ ဝါခေါင်လကွယ်) နေ့မွန်းမတည့်မီ (၁၀:၀၀)နာရီ အချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၂) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မွန်သူဇာခင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အပြင်ပဒံကျေးရွာ၊ ထန်းတပင်လမ်းနေ မအိအိထွေး ၁၂/လသယ(နိုင်)၀၆၆၇၃၅၏ ပတ်စ်ပို့နံပါတ် MG–358398 မှာ ၅–၂–၂၀၂၄ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၇၈၈၀၃၁၄၆၆**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့နယ်၊ ၁၄/၅ ရပ်ကွက်၊ နန္ဒသူရိန်လမ်းနေ မောင်ချစ်မင်းသူ ၁၄/ဘကလ(နိုင်)၃၄၉၂၂၆၏ ပတ်စ်ပို့နံပါတ် MI–923785 မှာ ၁၉–၇–၂၀၂၄ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၆၅၁၂၈၂၈၇၆**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2S/4281၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ C(14)လမ်း၊ တိုက်အမှတ်(၃၄)၊ အခန်းအမှတ် (၁၀၃)ဟု မှတ်သားတည်ရှိသည့်တိုက်ခန်းအား တရားဝင်ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန်းသန်းရီ ၁၂/အလန(နိုင်)၀၁၉၀၂၉ထံမှ ယင်းတိုက်ခန်းအား အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆွေဆွေသန်း(၁၄/မမက(နိုင်)၀၀၀၅၀၇ က ရောင်းကြေးငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကိုကိုစံ (LL–B) အထက်တန်းရှေ့နေ (စဥ်–၂၅၁၈၅)**
**ဖုန်း–၀၉–၇၈၃၆၆၇၅၂၂၊ ၀၉–၄၂၁၀၆၅၄၁၅**

## ဦးလှအောင်(ဘ)ဦးအောင်သိန်း (BS–017362) နှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့၊ ဝမ်းတွင်း(၃) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(မြို့ကွက် အမှတ်–ကက)၊ ဦးပိုင်အမှတ် (ကက– ၁၈)၊ အငှားဂရန်ရှင်(ဦးလှအောင်)၊ ပိုင်ဆိုင်ခွင့်(ဂရန်)၊ ဧရိယာ(၀.၂၂၀) ဧက၊ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်သူ ဝမ်းတွင်းမြို့၊ ဝမ်းတွင်း(၃)ရပ်ကွက်နေ (ဘ)ဦးအောင်သိန်း ၏သားဖြစ်သူ ဦးလှအောင်(BS–017362) (ယခုနေရပ်လိပ်စာမသိ)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မျိုးမြင့် ၉/မမန(နိုင်)၀၈၈၈၅၆က (၁၄–၈–၂၀၁၅)ရက်တွင် အရောင်းအဝယ် အရပ်ကတိစာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပြီး လက်ခံလက်ရောက်ရရှိခဲ့ပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်ကို တရားဝင်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုနိုင်ရန်အတွက် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မျိုးမြင့်ထံသို့ဖြစ်စေ လာရောက်ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် လာရောက်ဆက်သွယ်ခြင်းမရှိပါက တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးလှအောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးစံခိုင် B.A, H.G P**
**အထက်တန်းရှေ့နေ**
**(စဥ်–၄၂၀၄)/(၃–၃–၁၉၇၈)**
**အောင်ဆန်းမြို့သစ်(၁)ရပ်၊ မိတ္ထီလာမြို့။**
**ဖုန်း–၀၉–၄၂၉၂၄၄၂၉၄**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပျော်ဘွယ်မြို့၊ ရွှေပြည်ရန်အောင်ရပ်ကွက်၊ နယ်မြေ(၅)မှ မယဉ်မင်းထိုက်၏ ဖခင်အမည်မှာ ဦးသိန်းတိုးဝင်း(ခ)ဦးသိန်းတိုး ၉/ပဘန(နိုင်)၀၀၈၅၇၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသိန်းတိုးဝင်း(ခ)ဦးသိန်းတိုး**

## ပတ်စ်ပို့ပျောက်

မြင်းခြံမြို့၊ အမှတ် (၅)ရပ်ကွက်နေ (ဘ)ဦးလှမောင်၏သား ကျွန်တော် မောင်ကျော်ဇင်သန့် ၉/မခန (နိုင်) ၂၇၂၉၇၇ ၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၇၇၇၀၀၁၀၇**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ အထက(ခွဲ) အကျော် Grade–11 မှ မယွန်းနဒီသန့် Grade–4 မှ မရှင်းရတီသန့်နှင့် KG မှ မခွန်းဝတီသန့်တို့၏ဖခင် အမည်မှန်မှာ ဦးအောင်အောင်သန်း ၁၄/ဓနဖ(နိုင်) ၁၁၈၆၃၈ ဖြစ်ပါကြောင်း။

**ဦးအောင်အောင်သန်း**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဝါရှောင်လမ်း၊ (၄၅)ရပ်ကွက်၊ အမှတ် (၂၃၈/က)၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ မြေကွက်အမှတ် ၂၃၈/က၊ အကျယ်အဝန်း(၂၀ပေX၆၀ပေ)၊ ဧရိယာ ၁၂၀၀ စ/ပေ၊ ၀.၀၂၇၅ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်ညိုညိုဝင်း ၉/မသန(နိုင်)၀၇၆၇၂၈ အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်ဖြစ်ပါသည်။ ယင်းအမည်ပေါက်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်ညှိနှိုင်းသဘောတူညီမှုအပေါ် စရန်ငွေပေးချေပြီးဖြစ် ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်၏ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးအေး**
**တရားလွှတ်တော်ရှေ့နေ(စဥ် –၆၇၄၉)**
**အမှတ် ၃(B)၊ စစ်ကိုင်းလမ်း၊ မြကန်သာဥယျာဉ်အိမ်ရာ၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၅၁၁၁၈၇၅**

## (၂၉-၇-၂၀၂၄)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ (စာ-၃၀)မှ ဦးစံအေး(ဘ) ဦးရင်ကောင်လိုင်(ခ) ဦးယင်ပေါင်လိုင်း(၁၃/တကန(နိုင်)၁၂၅၁၅၇)၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ချိုမာထွန်း(LL.B)(တရားလွှတ်တော်ရှေ့နေ) (စဉ်-၇၉၁၀)၏ အများသိစေရန် ကြေညာခြင်းမှာ မှန်ကန်မှုမရှိပါကြောင်း ဦးစံအေးနှင့်အများသိစေရန် တုန့်ပြန်ရှင်းလင်းကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ငွေကြယ်ဖြူလမ်း၊ အမှတ်(၄၂)နေ ဦးသက်ဦး(ဘ)ဦးစံအေး ၁၃/တကန(နိုင်)၁၄၆၄၉၆ ၏ လွှဲအပ်ညွှန်ကြားချက်များအရ အမှန်တရားများအတိုင်း ရှင်းလင်းအသိပေးကြေညာအပ်သည်မှာ–

၁။ ဦးသက်ဦးသည် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ငွေကြယ်ဖြူလမ်း၊ အမှတ်(၁၅/၉)နေ ဦးစံအေးနှင့် ဒေါ်ဝူချောင်မိန်းတို့၏ တရားဝင်အမွေခံတစ်ဦးတည်းသော သားအရင်းဖြစ်၍ အရွယ်ရောက်သည့်အချိန်မှစပြီး သားသမီးဝတ္တရားများနှင့်အညီ မိဘများကို ပြုစုစောင့်ရှောက်ရှာဖွေလုပ်ကိုင်ကျွေးမွေးခဲ့သည့် အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ပြီး မတူး(ခ)ဖြူဖြူခိုင်နှင့် တရားဝင်လက်ထပ်အိမ်ထောင်ပြုစဉ်၌လည်း ဖခင်ဦးစံအေးကိုယ်တိုင်မှ မင်္ဂလာပွဲကို ကြီးကျယ်ခမ်းနားစွာဖြင့် ဦးစီးပြုလုပ်ပေးခဲ့ခြင်းသာ ဖြစ်ပါသည်။

၂။ မိခင်ဒေါ်ဝူချောင်မိန်း ကွယ်လွန်သွားသည့်အခါ ဖခင်ဦးစံအေးသည် ဒေါ်အေးစန်းနှင့် ပေါင်းသင်းနေထိုင်ကြရာ၌လည်း ဦးသက်ဦးသည် ဖခင်ဦးစံအေးနှင့် မိထွေးဖြစ်သူ ဒေါ်အေးစန်းတို့အပေါ် မွန်မြတ်သည့် စိတ်ဓာတ်များအတိုင်း ရိုသေလေးစားစွာဆက်ဆံလျက် ဖခင်၏ဆေးဖိုးအပါအဝင် အခြားကုန်ကျစရိတ်များကိုလည်း ထမ်းရွက်သည့်အပြင် လိုအပ်သော ဝေယျာဝစ္စပြုစုစောင့်ရှောက်မှုများပြုခဲ့ပါသည်။

၃။ ဖခင်ဦးစံအေးမှ ဦးသက်ဦးအား ရသင့်ရထိုက်သည့် ပစ္စည်းဥစ္စာများကို အကြိမ်ကြိမ်အခါခါခွဲဝေပေးအပ် စီမံပေးခဲ့ခြင်းရှိပါလျက်ဆိုသည်မှာ မမှန်ပါ။ ဖခင်နှင့်မိခင်တို့၏ အမွေပုံအမွေဆိုင် ပစ္စည်းများကို တရားဥပဒေအရ တစ်ဦးတည်းသော သားဖြစ်သူ ဦးသက်ဦးမှ အမွေခံသားအဖြစ် တရားဝင် သက်ဆိုင်လျက်သာရှိပါသည်။

၄။ ဖခင်ဦးစံအေးမှ တစ်စုံတစ်ဦး၏ ပယောဂဖြင့် ဖခင်ဦးစံအေးနှင့် မိခင်ဘက်မှပါရှိသည့် ပစ္စည်းများနှင့် လက်ထပ်ပွားပစ္စည်းများအား ဦးသက်ဦးက အမွေခံအဖြစ်သက်ဆိုင်သော ပစ္စည်းများကို နောက်အိမ်ထောင်အမည် ထပ်မံထည့်သွင်းပေးရန် ဌာနများသို့လျှောက်ထားခြင်းအပေါ် ဦးသက်ဦးမှာ ကိုယ်စိတ်နှစ်ပါးဆင်းရဲခြင်းခံစားရ၍ သဘောရိုးနှင့် ကန့်ကွက်တင်ပြရခြင်း သာဖြစ်ပါသည်။

၅။ တစ်စုံတစ်ဦး၏ ပယောဂကြောင့်ဟု သဘောရိုးနှင့်ယူဆရသည့် ဦးစံအေးက ဦးသက်ဦးအား အမွေစားအမွေခံသားအဖြစ်မှ ဖယ်ထုတ်ပြီး ဦးစံအေး၏ ပစ္စည်းများကို ဦးသက်ဦးက ထပ်မံရပိုင်ခွင့်မရှိတော့ပါကြောင်းဟုဖော်ပြသည့် ကြေညာချက်မှာ မှန်ကန်မှုမရှိသည့်အပြင် တရားဥပဒေနှင့်ညီညွတ်ခြင်းလည်းမရှိသည့် ကြေညာချက်အပေါ် ဦးသက်ဦးမှ မိဘများအား ရိုသေလေးစားလျက် လက်မခံပါကြောင်းနှင့် လိုအပ်သည့်အခါတွင် မလွှဲမရှောင်သာဘဲ တရားဥပဒေများနှင့် အညီဆောင်ရွက်သွားမည်သာဖြစ်ပါကြောင်း သဘောရိုးနှင့် တုန့်ပြန်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

**ဦးသက်ဦး ၁၃/တကန(နိုင်)၁၄၆၄၉၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငြိမ်းငြိမ်းအိကျော်(LL.B)၊ တရားလွှတ်တော်ရှေ့နေ**
**(စဥ်–၉၄၆၄/ ၃၁–၁၂–၂၀၁၃)**
**အမှတ်(၃၃၃)၊ မြသပိတ်လမ်း၊ နယ်မြေ(၇) ၊ ကျောင်းကြီးစုရပ်ကွက်၊**
**တောင်ကြီးမြို့၊ ဖုန်း–၀၉–၄၂၈၃၅၈၃၄၃**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ ဓာတ်ဆီဂါလန်(၉.၀၀)သိန်းအား အောက်ဖော်ပြပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်း အမျိုးအမည် | ပမာဏ (ဂါလန်) | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|---|
| | | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| ၁ | ဓာတ်ဆီ | ၃၀၀၀၀၀ | ၂၀-၈-၂၀၂၄ | ၁၂:၀၀ | ၂၀-၈-၂၀၂၄ | ၁၄.၀၀ |
| ၂ | ဓာတ်ဆီ | ၃၀၀၀၀၀ | ၃-၉-၂၀၂၄ | ၁၂:၀၀ | ၃-၉-၂၀၂၄ | ၁၄:၀၀ |
| ၃ | ဓာတ်ဆီ | ၃၀၀,၀၀၀ | ၁၇-၉-၂၀၂၄ | ၁၂:၀၀ | ၁၇-၉-၂၀၂၄ | ၁၄:၀၀ |

၂။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန
## ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့၊ စဝ်စံထွန်းဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ စဝ်စံထွန်းဆေးရုံကြီးတွင် ဓာတ်ရောင်ခြည်ဌာနရှိ Linear Accelerator စက် Service Contract (Full Package) ဆောင်ရွက်သွားမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို (၂-၈-၂၀၂၄)ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး (၁၅-၈-၂၀၂၄)ရက် ညနေ (၄) နာရီ နောက်ဆုံးထားတင်သွင်းရမည် ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက တောင်ကြီးမြို့၊ စဝ်စံထွန်းဆေးရုံကြီး (ဖုန်း-၀၈၁-၂၁၂၁၁၀၄)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးမောင်မောင်ချို ၏သမီး ကျွန်မ ချမ်းမြေ့မောင်ချို၏ Passport (CHAM MYAE MAUNG CHO. MF 025753) သည် 25th July 2024 တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းပြန်ပေးပါရန်။

CHAN MYAE MAUNG CHO
(Ph.09-760606300)

## ဖခင်အမည်မှန်

ဖျာပုံမြို့၊ အထက(၄)တွင် ပညာသင်ကြားနေကြသော မောင်ထက်အောင်လင်း Grade-12(R1)၊ မောင်ခန့်ရာဇာ Grade-11(R1)၊ မောင်ကောင်းဆက်မင်း Grade-4(R1)တို့၏ ဖခင်ဖြစ်သူသည် ၁၄/ဖပန(ပြု)၀၀၀၁၂၂ ကိုင်ဆောင်သူ KRISHNA(ခ)ဦးကစ္စနား(ခ)ဦးဟိန်းထက်ဖြစ်ပါကြောင်းနှင့် အထက်ပါအမည်များသည် လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**KRISHNA(ခ)ဦးကစ္စနား(ခ)ဦးဟိန်းထက်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀(၁)
## ကျိုင်းတုံခရိုင်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉

ဦးစိုင်းခမ်းဖိတ် နှင့် ဒေါ်နန်းရွှေ
တရားလို တရားပြိုင်

ကျိုင်းတုံမြို့၊ ရပ်ကွက်(၃) စွမ်မိုက်ရပ်နေ ဒေါ်နန်းရွှေ သိစေရမည်။

သင့်အပေါ်၌ ကျိုင်းတုံမြို့၊ရပ်ကွက်(၃)စွမ်မိုက်ရပ်နေ ဦးစိုင်းခမ်းဖိတ်က ကတိပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ ဩဂုတ်လ (၁၂) ရက်နေ့ (၁၃၈၆ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဩဂုတ်လ(၂)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထွန်းကျော်)
ဒုတိယခရိုင်တရားသူကြီး၊
ကျိုင်းတုံခရိုင်တရားရုံး

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူ အမည် | လျှောက်ထားသည့်မြေ၏ | | | | | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| | | မြို့နယ်/ မြို့ | ရပ်/ကျေး | အကွက်အမှတ်/ အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | |
| ၁ | ဦးစိုးဟန်လင်း | ပုသိမ် | အမှတ်(၉) | ၁၉/ကုလားကုန်းမြောက် | ၃၆ | ၀.၀၈၁ | အမည်ပြောင်း/တိုး |
| ၂ | ဦးစိုးဟန်လင်း | ပုသိမ် | အမှတ်(၉) | ၁၉/ကုလားကုန်းမြောက် | ၇၂-က | ၀.၁၆၀ | အမည်ပြောင်း |
| ၃ | ဒေါ်မေမြိုင် | ပုသိမ် | အမှတ်(၆) | ၈၃-ဃ/ကုလားတန်း | ၃၃ | ၀.၀၃၃ | အမည်ပြောင်း |
| ၄ | ဦးအောင်မျိုးသန့်+ ဒေါ်နွယ်နီကျော် | ပုသိမ် | အမှတ်(၃) | ၃၁/ကံသုံးဆင့် | ၂-လ | ၀.၁၀၆ | အမည်ပြောင်း |
| ၅ | ဒေါ်မြမြသင်း ပါ (၆)ဦး | ပုသိမ် | အမှတ်(၆) | ၈၃-ခ/ကုလားတန်း | ၁၉၉ | ၀.၀၂၇ | အမည်ပြောင်း/တိုး |
| ၆ | ဦးကျင်စု | ပုသိမ် | အမှတ်(၈) | ၁၂၂-ခ/မာတချောင်းဖျား | ၉ | ၀.၁၀၅ | သက်တမ်းတိုး |
| ၇ | ဒေါ်ဝင်းမာထွန်း | ပုသိမ် | အမှတ်(၅) | ၆၉/မရမ်းချိုကုန်း | ၁၀ | ၀.၁၁၀ | အမည်ပြောင်း |
| ၈ | ဦးငြိမ်းချမ်းမိုး | ပုသိမ် | အမှတ်(၁) | ၅၀/အကောက်ဆိပ် (စကားဝါ) | ၄၂-က | ၀.၀၆၆ | ခွဲစိတ်/အမည်ပြောင်း |
| ၉ | ဒေါ်ငုလှဲ့ဇော် | ပုသိမ် | အမှတ်(၁) | ၅၀/အကောက်ဆိပ် (စကားဝါ) | ၄၂-ခ | ၀.၀၄၄ | ခွဲစိတ်/အမည်ပြောင်း |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့် နေ့ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**




## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၈၄/၂၊ ဦးပိုင်အမှတ် ၁-စ ခဲစင်းအရှေ့ခြမ်း၊ အနောက်ခြမ်း၊ ၃၆ လမ်း၊ ပြင်ဦးလွင်လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးလိကျန်(ခ)မောင်အေး ၁၃/ကခန(နိုင်)၀၂၀၂၈၃ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ ဖြဟ္မစိုရ်လမ်း၊ မြေကွက် အမှတ်(၄၁)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်အဆောက်အအုံအား ကျွန်ုပ်၏မိတ်ဆွေများ ဖြစ်သော ဦးဗချို (၁၂/ဥကတ(နိုင်)၀၁၈၄၂၂) (K/RGN-၀၂၁၈၀၂) နှင့် ဒေါက်တာကြည်ကြည်ဝင်း (၁၂/မဂတ(နိုင်)၀၂၂၇၂၀) (K/RGN-၀၂၈၈၂၉)တို့ နှစ်ဦးအမည်ပေါက် ပူးတွဲပိုင်ဆိုင်ရရှိထားပြီး အခြားသူ တစ်ဦးတစ်ယောက်အား လွှဲပြောင်း၊ ရောင်းချထားခြင်းမရှိပါကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေများ သိရှိသဘောတူခွင့်ပြုချက်မရှိဘဲ အခြားသူတစ်ဦးဦးမှ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများကို မပြုလုပ်ပါရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးကျော်ဝင်းဟန် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၃၂၉၆၃)
ဖုန်း - ၀၉-၄၀၁၅၃၄၂၉၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၈)၊ ကင်းဝန်လမ်း၊ မြေကွက်အမှတ် (၃၆၁)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးကုလား (KYN- ၀၇၀၁၄၂) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၃၆၂)နှင့်ကပ်လျက် (၂၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်ဝေလွင် (၁၄/ပသန (နိုင်) ၁၄၃၉၂၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

အထက်ဖော်ပြပါ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိ ပိုင်ဆိုင်သူ ဦးသစ္စာလွင် ၁၂/ဒဂရ(နိုင်)၀၀၅၇၇၅၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးလှ ၁၂/ပဘတ(နိုင်)၀၁၄၂၅၉ မှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးလှ ၁၂/ပဘတ(နိုင်)၀၁၄၂၅၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီဂီအေး(စဉ်-၁၄၈၁၉)**
**LL.B,D.B.L (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၇၆၂)၊ သုဇီတာ(၁၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၀၀၆၉၁၅၂**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၀)၊ မြေကွက်အမှတ်(၁၆၇၄)၊ အကျယ်အဝန်း ပေ (၄၀ x ၆၀)ရှိသည့် မြေကွက်နှင့် ဦးဝင်းကြည်အမည်ပေါက် ပါမစ်မူရင်းအား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး ကို တရားဝင်လက်ရှိ ပိုင်ဆိုင်သူ ဦးဇော်နောင်ဦး ၁၂/ဒဂတ(နိုင်)၀၄၆၁၆၆ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်နုနုလွင် ၈/ခမန(နိုင်)၁၄၀၉၅၈ မှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်နုနုလွင် ၈/ခမန(နိုင်)၁၄၀၉၅၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီဂီအေး (စဉ် - ၁၄၈၁၉)**
**LL.B, D.B.L (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၇၆၂)၊ သုဇီတာ(၁၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၀၀၆၉၁၅၂**

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်(၆)၊ ဝေဇယန္တာအရှေ့(၁၄)လမ်း၊ အမှတ်(၉၁၂/ခ)၊ အကျယ်အဝန်း ပေ (၂၀ x ၆၀) ရှိသည့် အိမ်ခြံမြေ နှင့် ဒေါ်S.V.J လက်ချိမ်းနှင့် ဒေါ်သန်းသန်းအေး အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်အား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး ကို တရားဝင်လက်ရှိ ပိုင်ဆိုင်သူ ဒေါ် S.V.J လက်ချိမ်း ၁၂/မဂတ(နိုင်)၀၇၅၉၅၄ နှင့် ဒေါ်သန်းသန်းအေး(GPN-၁၂၆၇၁၃)တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးအေးထွန်း ၁၂/မဂတ(နိုင်)၀၈၉၅၁၄ မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်း မရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးထွန်း ၁၂/မဂတ(နိုင်)၀၈၉၅၁၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီဂီအေး(စဉ်-၁၄၈၁၉) LL.B,D.B.L (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၇၆၂)၊ သုဇီတာ(၁၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၀၀၆၉၁၅၂**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၅)ရပ်ကွက်၊ သိဂီလမ်းသွယ်၊ အကျယ်အဝန်း ပေ(၂၀ x ၆၀) ပါမစ်မူရင်း အမှတ်(၁၃၈၃/ က)ရှိ အိမ်ခြံမြေနှင့် ယင်းအိမ်ခြံမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးအား ဦးဟန်ဇော်ဦး ၁၂/ခရန(နိုင်)၀၉၁၅၆၅ မှ အရှုပ်အရှင်းကင်းပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ဦးမျိုးသက်ဇင် ၁၂/ဒဂမ(နိုင်)၀၂၆၄၉၆ မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမျိုးသက်ဇင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေမျိုးနိုင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၁၉၈)**
**အမှတ်(၂၂၉)၊ သရဖီလမ်း၊ (၁၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၅၃၂၈၂၆၃၊ ၀၉-၇၅၆၀၂၁၉၇၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/9737 Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသူရထွန်း ၈/ပခက(နိုင်)၃၃၃၈၂၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၅၇၉၄၁ Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုမာဝင်း ၇/သကန(နိုင်)၀၈၉၇၉၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ပြည်)၊**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၆၄၄၆၉ Suzuki Smash 112, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနောင်နောင် ၇/ပတန(နိုင်)၁၃၉၄၈၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၅၀၉၆၈ Canda-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ငွေ ၇/သကန(နိုင်)၀၇၁၃၁၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၁ယ/၅၀၉၁၀ ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးသန့်ဇင်အောင် ၁၀/မလမ(နိုင်)၂၅၂၂၃၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ဟ/၆၉၃၅ ယာဉ်လက်ဝယ်ရှိသူ ဦးဟာဆန်း ၁၀/ကမရ(နိုင်)၀၆၁၈၃၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၁၈၇၂၀ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းထွန်း ၁၀/မလမ(နိုင်)၃၀၆၆၃၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## လေလံတင်ရောင်းချရန် ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ သစ်တောဦးစီးဌာနမှ ရမည်းသင်းမြို့နယ်ရှိ ဖမ်းဆီးရမိသည့် ပုံစံ(၈)ဝင် အခြား သစ်လုံး/တိုင်/ခွဲသား (၂၂၁၂) လုံး/ချောင်း-(၄၆.၃၂၄၈)တန်အား သစ်တောဦးစီးဌာနမှ တရားဝင် မှတ်ပုံတင် လိုင်စင်ရရှိထားသည့် သစ်အခြေခံအိမ်တွင်းစက်မှုလက်မှု လုပ်ငန်းရှင်များ၊ သစ်စက် သေး/ကြီး၊ အချောထည်စက်/လျှာထိုးစက်လုပ်ငန်းရှင်များ၊ သစ်အရောင်းဆိုင် လုပ်ငန်းရှင်များနှင့် ပရိဘောဂလုပ်ငန်းရှင် များကိုမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

**လျှောက်လွှာတင်ရမည့်နောက်ဆုံးရက်** - ၁၉-၈-၂၀၂၄ ရက် (၁၆:၀၀)နာရီ
**လေလံတင်ရောင်းချမည့်ရက်/အချိန်** - ၂၁-၈-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် (၁၀:၀၀)နာရီ
**လေလံတင်ရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ရမည်းသင်းခရိုင်

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၉၇၈၉၀၄၇၀၃ (ရမည်းသင်းခရိုင်)၊ ၀၉-၇၉၄၄၀၆၀၀၃ (ရမည်းသင်းမြို့နယ်) တို့ထံ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**
**သစ်တောဦးစီးဌာန**
**ရမည်းသင်းခရိုင်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၊ ၂၉/ပန်းခင်း၊ ဦးပိုင်/မြေကွက်အမှတ်(၃၀၇/၁၅၆)၊ ရေိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးအောင်နိုင် အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ငြိမ်းစုထွေး ၉/ပမန (နိုင်)၂၇၁၈၂၀မှ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်း ထောက်ခံချက်၊ ပတ်ဝန်းကျင် သက်သေထွက်ဆိုချက်များ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ် (၃၆၀)၊ ဦးပိုင်အမှတ်(၁၆-ခ/ခဲစင်း)၊ ၄၁ လမ်းမျက်နှာပြု၊ ရွှေမန်းလမ်းနှင့် မဟာစည်ရိပ်သာလမ်းကြားရှိ ဒေါ်ခင်ဝင်းသိန်း၊ ဒေါ်ခင်ဝင်းမာတို့ အမည်ပေါက် ဘိုးဘမြေကွက်အား ဒေါ်ခင်ဝင်းသိန်းထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ် (၇၆၉/၂၀၂၄)ဖြင့် စွန့်လွှတ်ခြင်းကိုလက်ခံသူ ဒေါ်ခင်ဝင်းမာ၉/မနတ(နိုင်)၀၆၁၁၁၅ က အမှုတွဲအမှတ် (၀၃၂၁/ဘ(ခွဲ/ပြောင်း)/၂၀၂၄-၂၀၂၅)ဖြင့် ဘိုးဘ/ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၃၇)၊ ဦးပိုင်အမှတ်(၁)၊ ၄၁ လမ်းနှင့် ၅၄ လမ်းထောင့်ရှိ ဦးသာထွန်းဦး အမည်ပေါက် ဂရန်မြေကွက်အား ခင်ပွန်းဖြစ်သူ ဦးသာထွန်းဦးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၃၇၁၁/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ခင်သန်းမော်၏(GP ရရှိသူ ဦးကျော်မျိုးခိုင်)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၁၃၇၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ပြေသန်း ၁၃/ကခန(နိုင်)၀၅၆၂၀၂ က အမှုတွဲအမှတ်(၂၅၅၇/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၂)၊ ဦးပိုင်အမှတ်(၆၀)၊ ၅၉ လမ်း၊ ၁၀၆ x ၁၀၇ လမ်းကြားရှိ ဦးကျော်ရှင် အမည်ပေါက် ဂရန်မြေကွက်အား ခင်ပွန်းဖြစ်သူ ဦးကျော်ရှင် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် (၃၈၄/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ညိုစန်း ၉/မနတ(နိုင်)၀၅၅၅၀၄ က အမှုတွဲအမှတ် ၂၅၇၈/၂၀၂၄-၂၀၂၅ ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (မမ-၇)၊ ဦးပိုင်အမှတ်(၄၉)၊ ၄၇ x ၄၈ လမ်းကြား၊ ၁၁၅ x ၁၁၆ လမ်းကြားရှိ ဦးဖေသိန်း အမည်ပေါက်တောဂရန်မြေကွက်အား ခင်ပွန်းဖြစ်သူ ဦးဖေသိန်း ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် (၃၂၄/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်အမာတင် ၉/မရမ(နိုင်)၀၃၉၉၉၄ ၏ (GP ရရှိသူ ဒေါ်နန်းယဉ်မိုင်) ကတောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၂၅၇၃/၂၀၂၄-၂၀၂၅ ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အစည်းအဝေးအကြောင်းကြားစာ
## (မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)၊ ပုဒ်မ ၁၁၆(င)(၂)အရ)

Taihei Engineering Myanmar Company Limited သည် မတည်ငွေရင်းလျှော့ချခြင်းအား အစုရှယ်ယာရှင်များ၏ အတည်ပြုချက် ရယူမည့် အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

**အစည်းအဝေးကျင်းပမည့်ရက်** ။ ။ ၂၀၂၄ ခုနှစ်၊ သြဂုတ်လ ၅ ရက်
**အစည်းအဝေးကျင်းပမည့်နေရာ** ။ ။ အမှတ် ၂၈၁(A)၊ မြေညီထပ်+ပထမထပ်၊ ရွှေဂုံတိုင်လမ်း၊ အလယ်ရွှေဂုံတိုင် ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
**အစည်းအဝေးကျင်းပမည့်အချိန်** ။ ။ နံနက် (၁၀:၀၀) နာရီ

**Taihei Engineering Myanmar Company Limited**
**ဖုန်း- ၀၉-၄၅၀၀၆၇၀၅၂၊ ၀၉-၇၆၄၆၀၀၃၆၀**

## အမည်ပြောင်း

ဗဟန်းမြို့နယ်၊ကောင်းထက်ကျော် ကိုယ်ပိုင် အထက်တန်းကျောင်း Grade-1 မှ (ဘ) ဦးမျိုးမြင့်ခိုင် ၁၄/ကကတ(နိုင်)၁၆၇၁၀၀ ၏ သမီး မမေဂျူး-K အား မမေဂျူးကေ ဟု ခေါ်ပါရန်။

**မမေဂျူးကေ**

## ဖခင်အမည်မှန်

ဗဟန်းမြို့နယ်၊ကောင်းထက်ကျော် ကိုယ်ပိုင် အထက်တန်းကျောင်း Grade-1 မှ မမေဂျူးကေ၏ ဖခင် ဦးမျိုးမင်းနိုင် ၏ အမည်မှန်မှာ ဦးမျိုးမြင့်ခိုင် ၁၄/ကကတ(နိုင်) ၁၆၇၁၀၀ ဖြစ်ပါကြောင်း။

**ဦးမျိုးမြင့်ခိုင်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ မြေရေိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အမှတ် (ပ-၃၁၄၆၉) ကိုအမည်ပေါက် ဦးမျိုးကျော် (ဘ) ဦးမျိုးမြင့် ၁၀/ကထန(နိုင်)၀၉၂၆၂၅ မှ ဒေါ်သီတာစိုး (ဘ) ဦးမြင့်သန်းကျော် ၈/ရစက(နိုင်)၀၇၇၆၀၉ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4P/1913 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၁၂/တမန(နိုင်)၀၉၈၄၄၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1L/4965 MAZDA BONGO SK82T, Pick Up(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဦး ၉/ရမသ(နိုင်)၀၄၃၅၉၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊**
**အင်းစိန်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ တာချီလိတ်မြို့နယ်စည်ပင်သာယာရေး ဌာနအမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိထားသော တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်၊ မြေရေိယာ ၁ ဒသမ ၀၆၂ ဧကအနက်မှ ၀ ဒသမ ၂၂ ဧကရှိ ရွှေဝါနဒီပန်းခြံ မြေလွတ်နေရာတွင် (၁၉' x ၄၀')၊ RC(၂)ထပ် ဆိုင်ခန်း(၄)ခန်းနှင့်(၁၉' x ၃၄')၊ RC (၂)ထပ် ဆိုင်ခန်း(၁၀)ခန်း၊ စုစုပေါင်းဆိုင်ခန်း(၁၄)ခန်းပါ အဆောက်အအုံ၏ ပထမဆုံး (၁၉' x ၄၀')၊ RC (၂)ထပ်ဆိုင်ခန်း(၄)ခန်း၏ တတိယမြောက်အခန်း(၁၉' x ၄၀')၊ RC (၂)ထပ်ဆိုင်ခန်းနှင့် ယင်းဆိုင်ခန်းတွင် ပါဝင်သည့် ခေတ်မီလှပသော ဒီဇိုင်းပုံစံဖြင့် တည်ဆောက်ပြီး၊ ရေနှင့် လျှပ်စစ်မီတာ(၁)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တာချီလိတ်မြို့နယ် စည်ပင်သာယာရေး ဌာနနှင့် ရှမ်းချယ်ရီတောင်တန်းကုမ္ပဏီလီမိတက် (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၀၀၄၃၄၇၅)ကိုယ်စား ဦးစိုးလင်း ၉/သစန(နိုင်)၁၂၂၆၄၄၊ မန်နေဂျင်းဒါရိုက်တာ၊ ရှမ်းချယ်ရီတောင်တန်းကုမ္ပဏီလီမိတက်တို့မှ အကျိုးတူပူးပေါင်း၍ တည်ဆောက်ခဲ့ကြပါသည်။

ယခုအခါ အထက်ပါဆိုင်ခန်း၏ လက်ရှိတရားဝင်ရောင်းချခွင့်ရှိသည့် ရှမ်းချယ်ရီတောင်တန်းကုမ္ပဏီလီမိတက် (ကုမ္ပဏီမှတ်ပုံတင်အမှတ်- ၁၀၀၀၄၃၄၇၅) ကိုယ်စား ဦးစိုးလင်း ၉/သစန(နိုင်)၁၂၂၆၄၄၊ မန်နေဂျင်းဒါရိုက်တာ၊ ရှမ်းချယ်ရီတောင်တန်း ကုမ္ပဏီလီမိတက်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါဆိုင်ခန်း အရောင်းအဝယ် ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးသန်းထွန်း (LL.B, LL.M, .B.L)** | **ဒေါ်ယမုံဖူး (LL.B,D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၃၆၁၉/၁၉၈၆)** | **(စဉ်-၄၄၆၈၀/၂၀၁၄)** |
| **ဖုန်း-၀၉-၄၃၂၀၂၈၂၉၊ ၀၉-၇၇၅၁၈၃၁၅၃** | **ဖုန်း-၀၉-၇၇၇၁၀၇၂၀၄** |

**အလွှာ-၂၁၊ တိုင်းမ်းစီးတီး ရှိ ယူအေဘီတာဝါ၊ ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဥတ္တရဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁က/ဥတ္တရသီရိတောင်ရပ်၊ မြေရေိယာ ၀ ဒသမ ၂၂၉ ဧက၊ မြေကွက်အမှတ် (ဥ-၅၈၁၄)၊ ဦးထွန်းကျော်(ဘ) ဦးစိန်ထွန်း အမည်ပေါက် နှစ်(၃၀)မြေငှား စာချုပ်မြေကွက်ကို ဒေါ်စိုးစိုးရီ ၁၂/လသန(နိုင်)၀၁၀၇၇၀(ဘ) ဦးထွန်းရီမှ နေပြည်တော်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၅၉၀၉/၂၀၂၂(၂၉-၁၂-၂၀၂၂) တင်ပြ၍ ဦးဆုတင် ၁၂/ဗဟန(နိုင်)၀၃၀၆၅၂ (ဘ) ဦးတင်ဦးနှင့် ဒေါ်စိုးစိုးရီ ၁၂/လသန (နိုင်)၀၁၀၇၇၀ (ဘ) ဦးထွန်းရီတို့၏ အမည်ဖြင့် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ် (၆၈၉)၊ ဦးပိုင်အမှတ်(၅၅က+၅၆က)၊ လမ်း ၄၀၊ ၇၂ x ၇၃ ကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်စန်းထံမှ မွေးစားစာချုပ်အမှတ် (၃၁၁၇/၂၀၁၆)ဖြင့် မွေးစားခဲ့သော ဒေါ်ခင်မာဦး၊ ဒေါ်အေးမြကြည်၊ ဒေါ်အေးမြရီတို့ (၃)ဦးအနက် မွေးစားမိခင် ဒေါ်ခင်စန်း ၉/မရတ(နိုင်)၀၇၁၄၅၆ မှ မွေးစားသမီးဖြစ်သူ ဒေါ်ခင်မာဦး အားပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဗဗ-၁)၊ ဦးပိုင်အမှတ် (၁၁၀)၊ ၄၉လမ်း၊ ၁၁၁ x ၁၁၂ လမ်းကြားရှိ တောဂရန် မြေကွက် အမည်ပေါက်သူ ဒေါ်ခင်ညွန့် (DA-၀၀၃၁၅၈) ၉/စကတ(နိုင်) ၀၀၃၁၈၁ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၅၅၇/၂၀၁၇)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မိုးသီတာ ၉/မနမ(နိုင်)၀၃၄၂၂၇ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဗဗ-၂)၊ ဦးပိုင်အမှတ် (၆၈)၊ ၄၇ x ၄၈ ကြား၊ ၁၁၁ x ၁၁၂ လမ်းကြားရှိ ဒေါ်မြစန်း အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးကျင်းလုံက တရားပြိုင် ဒေါ်မြစန်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၄၇/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးကျင်းလုံ ၁၃/လရန (နိုင်)၀၅၇၈၄၂ က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် ၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ဖ-၃)၊ ဦးပိုင်အမှတ်(၆၀)၊ ၅၇ x ၅၈ လမ်းကြား၊ ၁၁၀ x ၁၁၁ လမ်းကြားရှိ ဂရန် မြေကွက်အား အမည်ပေါက်သူ ဒေါ်အိအိလွင်(SGG-၁၇၁၁၉၆)ထံမှ အရောင်း အဝယ်စာချုပ်အမှတ်(၂၀၈၂/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မြင့်မြင့်စန်း ၈/ရနခ (နိုင်)၀၁၆၄၄၀ က ဂရန်မူရင်း၊ ၂၄၀၀ိ/-ငွေသွင်းပြေစာမူရင်းတို့မှာ ပျောက်ဆုံး နေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်ချက်များတင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6B/7794 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ထူပါရုံအနောက်ရပ်ကွက်၊ ဇင်္ဂမလမ်း၊ အမှတ်(၇၃၃/က)၊ (၈)ထပ်တိုက်မှ စတုတ္ထထပ် (5/A) ၅လွှာ၊ ဘယ်ဘက်အခြမ်းရှိ အခန်းစတုရန်းပေ (၉၁၈ ပေ)တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အားလုံးအား ဒေါ်ဆွေဆွေယု ၁၄/ပသန(နိုင်)၀၀၀၈၀၁ မှ အရှုပ်အရှင်းကင်းပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ဒေါ်အေးအေးနွယ် ၉/အမရ(နိုင်)၀၈၉၂၅၇ မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးနွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေမျိုးနိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၃၁၉၈)**
**အမှတ်(၂၂၉)၊ သရဖီလမ်း၊ ၁၄ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၅၃၂၈၂၆၃၊ ၀၉-၇၅၆၀၂၁၉၇၁**

## အမည်ပြောင်းခြင်း

ဦးသန့်ထူးအောင် ၁၂/ဒဂမ (နိုင်)၀၁၀၄၆၄ ၏ သမီး Genius ကိုယ်ပိုင်အထက်တန်းကျောင်း Grade-3မှ မအိန္ဒြာအေးနှင်းသက်အား မအိန္ဒြာအေးနှင်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၇-၂၀၂၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၇)တွင် ကန့်ကွက်နိုင်ကြောင်း ကြေညာထားသည့် ဒေါ်မြင့်မြင့်စိုး အမည်ပေါက်ပါမစ်မြေကွက်အား ဦးကျော်စိုးမှ မြေငှားစာချုပ်သစ် လျှောက်ထားသည့် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၂/ပေါင်းလောင်း(၂) "မြေကွက်အမှတ်(၁၆၀၅)"အစား၊ "မြေကွက်အမှတ် (၆၅၉)"ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(ယ/၁၀)၊ ဦးပိုင်အမှတ် (၁-ခ/၁)၊ ၇၅ လမ်း x ကိုလံဘိုမြောင်းကြားရှိ ပြည်ထောင်စု မြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက် အမည်ပေါက် ဂရန်မြေကွက်အား တာဝန်လွှဲအပ်ခြင်းခံရသူ ဦးကျော်မင်းဦး ၁၄/ဝခမ (နိုင်) ၀၀၀၁၇၆ က ဂရန်မူရင်းမှာ အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအ ထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၅)၊ ဦးပိုင်အမှတ်(၇၂)၊ ၆၄လမ်း၊ ၁၃၀ x ၁၃၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဖြူဖြူဝင်း ၉/မနမ(နိုင်) ၀၃၃၇၅၂ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၆၅/၂၀၀၇)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမောင်မောင်အောင် ၉/မနမ(နိုင်)၀၈၃၃၃၃ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်**

**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၀၁ နှင့် ဆက်နွှယ်သည့်**

**၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၉၈**

ဒေါ်တင်တင်မြင့် — နှင့် — ဒေါ်စုစုရီ

**ဒီကရီအနိုင်ရသူ** — **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ စွန်းလွန်းဂူကျောင်းလမ်း၊ အမှတ်-(၄)နေ တရားရှုံးဒေါ်စုစုရီ (ယခုနေရပ်လိပ်စာမသိသူ) သိစေ ရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၀၁ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်တင်တင်မြင့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂ ရက် (၁၃၈၆ ခုနှစ်၊ ဝါခေါင်လကွယ်နေ့)မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးပေးလိုက်သည်။

(သီတာနွယ်)
ခရိုင်တရားသူကြီး
ဒဂုံမြို့သစ်ခရိုင်တရားရုံး

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ် (၅၈၉)၊ ဦးပိုင်အမှတ်(၆-F)၊ ရန်ကုန်-မန္တလေးကားလမ်း အနောက်ဘက်၊ မေဇင်သိန်းလမ်း မြောက်ဘက်ရှိ ဒေါ်ညွန့်ညွန့်ဝင်း အမည်ပေါက် တောဂရန်မြေကွက်အား ဇနီးဖြစ်သူ ဒေါ်ညွန့်ညွန့်ဝင်း ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် (၄၁၉၃/၂၀၁၉)ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဦးအောင်ကြည် ၁၂/ရကန(နိုင်)၀၁၇၀၈၁ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၂၅၆၄/၂၀၂၄-၂၀၂၅) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဋ-၅)၊ ဦးပိုင်အမှတ်(၁၇)၊ ၆၈ x ၆၉ လမ်းကြား၊ ကျန်စစ်နှင့် ဇော်ဂျီလမ်းကြားရှိ တပ်သားကျော်နိုင် အမည်ပေါက် တောဂရန်မြေကွက်အား ပြည်ကြီးတံခွန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၅၅/၂၀၂၃)တွင် ၂၂-၇-၂၀၂၃ ရက် က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဦးကျော်နိုင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၁၇၁/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဦးသူရအောင် ၉/ပကခ(နိုင်)၀၂၄၆၆၆ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၅၆၃/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၂)၊ ဦးပိုင်အမှတ်(၅၂)၊ ၆၃ x ၆၄ လမ်းကြား၊ အောင်ဇေယျလမ်းနှင့် ဘုရင့်နောင်လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြင့်သိန်း(ခ) ဦးမြင့်သိန်း ၏ (SP ရရှိသူ ဒေါ်ရင်ရင်ချင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၃၂၇/၂၀၂၃) ဖြင့်ဝယ်ယူခဲ့သူ ဒေါ်ရင်ရင်ဖိန်း ၁၃/ကခန(နိုင်)၀၁၀၆၆၁ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၂၅၆၅/၂၀၂၄-၂၀၂၅ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမှန်ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၇-၂၀၂၄ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၆)တွင် ပါရှိသော ဒေါ်ဖြိုးမမ တရားလွှတ်တော်ရှေ့နေ၏ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ဝယ်ယူသူဒေါ်ပေါက်စ ၈/မလန(နိုင်)၀၀၁၅၂၁ ၏ လွှဲအပ်ညွှန်ကြားချက်အရအစား ဝယ်ယူသူ ဒေါ်တင်တင်ထွေး ၁၂/သကတ(နိုင်)၀၇၂၀၀၉ ၏ လွှဲအပ်ညွှန်ကြားချက်အရဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/မစိုးရိမ်မြောက်၊ ဦးပိုင်အမှတ်(၇၀က)၊ဧရိယာ ၀ ဒသမ ၁၁၅ ဧကရှိ ဦးစံရ(ဇနီး) ဒေါ်ရွှေကျင်အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်စန်းမြင့် ပါ(၄)ဦး ၉/ပမန(နိုင်)၀၀၈၄၂၄၊ (ဦးကျော်တင့်၊ ဒေါ်ခင်စန်းရီ၊ ဒေါ်ရီရီမြင့်)တို့မှ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်(၂၃၅/၂၀၂၄)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

ဖော်ပြပါ မြေကွက်များအား မြေငှားစာချုပ်(ဂရန်)နှင့် မြေချပါမစ်ပြုလုပ်ပေးပါရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

| စဉ် | မြို့နယ် | မြေတိုင်း | မြေကွက် | အိမ်ရာစီမံကိန်း | လျှောက်ထားသူအမည် | မှတ်ပုံတင်အမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၁-အေ၊ အပိုင်း-၂ | ၃၀ | ချမ်းသာရွှေပြည် | ဒေါ်နွဲ့မြင့် | ၁၂/ဥကတ(နိုင်) ၁၂၉၅၅၉ | မြေချပါမစ် |
| ၂ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၁-အေ၊ အပိုင်း-၂ | ၂၀ | ချမ်းသာရွှေပြည် | ဒေါ်နွဲ့မြင့် | ၁၂/ဥကတ(နိုင်) ၁၂၉၅၅၉ | မြေငှားစာချုပ် |
| ၃ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၁-အေ၊ အပိုင်း-၂ | ၁၆ | ချမ်းသာရွှေပြည် | ဒေါ်နီနီလွင် | ၁၂/ဥကတ(နိုင်) ၀၀၁၃၈၂ | မြေငှားစာချုပ် |
| ၄ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၁-အေ၊ အပိုင်း-၂ | ၈၀ | ချမ်းသာရွှေပြည် | ဒေါ်သရဖီဝင်း | ၁၂/တမန(နိုင်) ၀၀၁၆၂၇ | မြေငှားစာချုပ် |
| ၅ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၁-အေ၊ အပိုင်း-၂ | ၉၇ | ချမ်းသာရွှေပြည် | ဒေါ်သရဖီဝင်း | ၁၂/တမန(နိုင်) ၀၀၁၆၂၇ | မြေငှားစာချုပ် |

**မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်**

## ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**ကလေးခရိုင်တရားရုံးတော်၌**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၆ နှင့် ဆက်နွှယ်သည့်**

**၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၅**

ဒေါ်သန္တာစိုးဝင်း — နှင့် — ဦးစိုးတင့်

**(တရားနိုင်)** — **(တရားရှုံး)**

ကလေးခရိုင်၊ ကလေးမြို့၊ အမှတ်(၆)ရပ်ကွက်၊ သာယာကုန်းရပ်နေ ဦးစိုးတင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၆ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက် (၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထင်ကျော်)
ခရိုင်တရားသူကြီး
ကလေးခရိုင်တရားရုံး

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ခခ-၁)၊ ဦးပိုင်အမှတ်(၃၀/ခဲစင်း)၊ ၅၉ လမ်းနှင့် သံလမ်းကြား၊ A လမ်းနှင့် B လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်တင်ဝင်းရီ ၉/မခန(နိုင်)၂၄၀၉၆၀ ၏ (SP ရရှိသူ ဦးကြည်လှိုင်) က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၂၅၈၈/၂၀၂၄-၂၀၂၅ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ရွှေဘိုခရိုင်၊ ရွှေဘိုမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၁)၊ ပြင်စျေးမြောက်ရပ်၊ ဦးပိုင်အမှတ်(၄၀ဗ)၊ ဧရိယာ ၀ ဒသမ ၀၆၂ ဧကရှိ မြေကို (ဘိုးဘပိုင် အမည်ပြောင်း)ပေးရန် ရွှေဘိုမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဒေါ်ခင်လေးဝါမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက် တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

(ခွန်နောင်)
**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ရွှေဘိုမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/34875 Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Trading Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(သာယာဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/73665 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ Auto Ry Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဥဒ္ဒေါင်ဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁က/ဥတ္တရသီရိတောင်ရပ်၊ မြေဧရိယာ ၀ ဒသမ ၂၂၉ ဧက၊ မြေကွက်အမှတ်(ဥ-၅၉၃၄)၊ ဦးမိုးညွန့်အောင်(ဘ) ဦးအောင်တင် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်စိုးစိုးရီ ၁၂/လသန(နိုင်)၀၁၀၇၇၀(ဘ) ဦးထွန်းရီ မှ နေပြည်တော်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ် ၄၉၃၀ /၂၀၂၂(၆-၁၀-၂၀၂၂)တင်ပြ၍ ဒေါ်သူဇာထွေး ၁၂/လသန(နိုင်)၀၁၀၁၅၃ (ဘ) ဦးထွန်းရီ အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ရွှေအင်ကြင်းရပ်၊ မြေကွက်အမှတ်(ဒ-၃၃၃၈၁)၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဦးအောင်နိုင်ဦး(ဘ) ဦးကျော်လူ(ခ)ကျင်မေလုံ ၁၃/သပန(နိုင်)၀၀၁၅၇၃ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးမျိုးမင်းကျော် (ဘ) ဦးစိုင်းခွန်ဆိုင် ၉/ခအဇ(နိုင်)၀၃၈၂၀၉ မှ မြေပေးမိန့်မူရင်း၊မြေကွက် အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိ သည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ ဒုတပ်ကြပ်သန့်ဇော် (ကိုယ်ပိုင်အမှတ် ၇၁၆၄၃၁)၊ ၁၂/လကန(နိုင်)၀၃၁၅၂၀ (ဘ) ဦးတင်ဆွေ အမည်ပေါက် ပါမစ်မြေကွက်အမှတ်ပစ(င) ၂၂၀၈ အမည်ပေါက်(ကွယ်လွန်)၏တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်မိုးသန္တာခိုင် ၁၀/မလမ(နိုင်)၁၈၆၁၃၄ (ဘ) ဦးထွန်းရင်မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ဒုတပ်ကြပ်သန့်ဇော် သေဆုံးခြင်း လက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိအဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ကလေးမြို့နယ်၊ အမှတ်(၇) အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း (အင်းခေါင်း) Grade-6 မှ မောင်ယွန်းမောင်မောင် ၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းဦး ၁၃/ကလန(နိုင်)၀၇၅၆၇၂ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကလေးမြို့နယ်၊ လက်ပံပင်ကျေးရွာ၊ အမှတ်(၇)၊ စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မဝသုန်ဦး ၏ မိခင် ဒေါ်စောရီ(ခ)ဒေါ်စိုးရီ ၁၃/ကလန(နိုင်)၁၄၀၈၅၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကလေးမြို့နယ်၊ အထက(၆) ဘော်ဆိုင်း Grade-9 မှ မမိုးထက်ထက်ဇော်၏ဖခင် ဦးမောင်ရွှေ(ခ) ဦးမောင်ဆွေ ၁၃/ကလန(နိုင်) ၀၄၅၀၃၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ သမိုင်း(၆) လမ်း၊ အမှတ်(၅၄၈/က) ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် တိုက်၏ တတိယထပ် (ဒါဘာ)၊ ဧရိယာ-အလျား ၁၈ ပေ၊ အနံ ၅၀ ပေ ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ ရေ၊ မီး (မီတာ) စသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဦးတည်း လက်ရှိထား ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မွှက်ဟဝန်ခံကတိပြုသူ ဦးဝါရပါး ၁၂/သခန(နိုင်)၀၀၀၄၂၁ ထံမှ ဦးသာပြည့် ၁၃/ညရန(နိုင်)၁၂၁၀၃၁ နှင့် ဒေါ်သဲစုဖြိုး ၁၄/လပတ(နိုင်)၁၅၉၅၆၁ တို့သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်၍ မည်သူမဆို အထက်ဖော်ပြပါတိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာချုပ်စာတမ်း အထောက်အထားမူရင်း များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးသာပြည့်-ဒေါ်သဲစုဖြိုး**
**အမှတ်(၂၉)၊ မာလာမြိုင် (၆) လမ်း၊ (၁၆) ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၈၆၉၉၈၃၄၇၃၊ ၀၉-၄၄၄၂၆၈၈၈၂**

## ဖခင်အမည်မှန်

ပင်းတယမြို့၊ ပွေးလှအထက်တန်းကျောင်း၊ Grade-7 မှ မောင်နိုင်မင်းထွေး၏ ဖခင်အမည်မှန်မှာ ဦးယဉ်ထွေးအောင် ၁၃/ပတယ(နိုင်)၀၂၈၆၂၂ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်မှန်နှင့် ဖခင်အမည်မှန်

တောင်ကြီးမြို့၊ ဓမ္မဝိဒူ ပရဟိတကျောင်း၊ ဘ/က လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ Grade-7 မှ နန်းဗွာပေး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၁-၂၀၁၁ ဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးခန် ၁၃/နတရ(နိုင်)၀၁၂၃၈၈ ဖြစ်ပါကြောင်း။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ စောင့်ရှောက်ရေးသည် နိုင်ငံ့အရေးပင်ဖြစ်ပြီး နိုင်ငံ့အရေးနှင့် ပတ်သက်၍ နိုင်ငံတော်တွင် ရှိသည့် နိုင်ငံသားတိုင်းတွင် တာဝန်ရှိ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို) မှ အဖွဲ့ဝင်များအား တွေ့ဆုံစဉ် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

# သထုံမြို့နယ်အတွင်း ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ တံတားတစ်စင်းအား KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဩဂုတ် ၂**

အကြမ်းဖက် သမားများသည် နိုင်ငံ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်၊ ဒေသတွင်းကုန်စည်စီးဆင်းမှုရပ်တန့်စေပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် အများပြည်သူ အသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ ရုံးဌာနအဆောက်အဦများ၊ စာသင်ကျောင်းများ၊ အများပြည်သူ နေထိုင်လျက်ရှိသော နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ကျေးရွာများအတွင်း

*စာမျက်နှာ ၁၄ ကော်လံ ၁* ◆



KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့မှ တံတားအား မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် တံတားပျက်စီးနေမှုကို တွေ့မြင်ရစဉ်။



တံတားပြင်ဆင်ပြုပြင်ပြီး မော်တော်ယာဉ်များ ပြန်လည်ဖြတ်သန်းသွားလာနေသည့် မှတ်တမ်းဓာတ်ပုံ။

**ယနေ့ သတင်းအညွှန်း**



**ဆူဒန်နိုင်ငံ လူဦးရေ ထက်ဝက်ကျော် အလွန်အမင်း ငတ်မွတ်ခေါင်းပါးမှုနှင့် ရင်ဆိုင်နေရ**

နိုင်ငံတကာသတင်း စာ ၁၃

**ဖျာပုံမြို့နယ်တွင် မလေးရှားနိုင်ငံ ပင်လယ်ရေပြင်သို့ပို့ဆောင်မည့် ငွေကျပ် ၆၉ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၂ ဒသမ ၃ တန်နှင့်အတူ မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့ကို ဖော်ထုတ်ဖမ်းဆီးရမိ**



ပြည်တွင်းသတင်း စာ ၁၈

## ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းနှင့် ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းတို့တွင် ရေကြီးရေကျော်မှု ကျဆင်းသွားသဖြင့် လူစီးရထားခရီးစဉ်များ ဩဂုတ် ၃ ရက်မှစတင်၍ ပြန်လည်ပြေးဆွဲ

**နေပြည်တော် ဩဂုတ် ၂**

လက်ရှိမိုးရာသီကာအတွင်း ဇူလိုင် ၂၇ ရက်မှစ၍ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့အတွင်း မိုးသည်းထန်စွာရွာသွန်းလျက်ရှိပြီး ရေကြီးရေလျှံမှုများကြောင့် မြန်မာ့မီးရထား၏ ရန်ကုန်-မန္တလေးလမ်းပိုင်းရှိ ပဲခူးဘူတာနှင့် ဘုရားကြီးဘူတာအကြားနှင့် ပဲခူး-မော်လမြိုင်လမ်းပိုင်းရှိ ပဲခူးဘူတာ-ကလိဘူတာအကြားတို့တွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်-ဟသာ်တ-ကြံခင်းရထားလမ်းပိုင်းအတွင်း ကျောင်းကုန်းမြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်နှင့်

*စာမျက်နှာ ၉ ကော်လံ ၁* ❍

## MNL ပြိုင်ပွဲတွင် ဟံသာဝတီနှင့် အား/ကာသိပ္ပံအသင်း နိုင်ပွဲဆက်

**ရန်ကုန် ဩဂုတ် ၂**

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၅) ပထမနေ့ကို ဩဂုတ် ၂ ရက်ကကျင်းပရာ ဟံသာဝတီနှင့် အား/ကာသိပ္ပံအသင်း အနိုင်ရခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းက ဒဂုံစတားယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ တတိယနေရာမှ ဟံသာဝတီအသင်းနှင့် စတုတ္ထနေရာမှ ဒဂုံစတားအသင်းတို့၏ ထိပ်တိုက်တွေ့ဆုံမှုဖြစ်ပြီး

*စာမျက်နှာ ၁၄ ကော်လံ ၁* ❊